ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ခမ္မပဒ-၁၇၃)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ တနလာနေ့။ Monday, 16 December 2024 ၁၁၆၇၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု(၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကျင်းပ

တပ်မတော်(လေ)အနေဖြင့် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ဆန်းစစ်ပြီး လိုက်လျောညီထွေစွာ ပြောင်းလဲတိုးတက်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင် လေယာဉ်၊ ရဟတ်ယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်နှင့်တပ်မတော်၏ လေကြောင်းစွမ်းပကား မြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာ တပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်း၌ ခန့ချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ညွှန့်ဦးကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ယနေ့ ဖတ်စရာ

လူသားတိုင်းအလိုအပ်ဆုံး အဖိုးတန်ရေကို ချွေတာဖို့လိုသည်

ဆောင်းပါး စာမျက်နှာ » ၁၇



အနာဂတ်ရိက္ခာနှင့် နောက်ကွယ်မှ နည်းပညာ

စာမျက်နှာ » ၂၂

လာအိုနှင့် ထိုင်းနိုင်ငံတို့မှ ဆေးဘက်ဆိုင်ရာပညာရှင်များ ပထမဆုံး ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်

စာမျက်နှာ » ၂၃

စည်းလုံးညီညွတ်သောစွမ်းအားဖြင့် ပြည်ထောင်စုအကျိုး ဝိုင်းဝန်းသယ်ပိုး

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံးတို့သည် ရှေးနှစ်ပေါင်းထောင်ချီကတည်းက အေးအတူ ပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက် စည်းလုံးညီညွတ်ခဲ့ကြသည့် ပြည်ထောင်စုဖွားညီအစ်ကို မောင်နှမများဖြစ်ကြသည်။ နိုင်ငံတော်အတွင်း ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ ဒေသအကျိုး၊ ပြည်ထောင်စုကြီးအကျိုးကို ရှေးရှုလက်တွဲဆောင်ရွက်လာကြရာ ယနေ့ထက်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်စွာရပ်တည်လျက်ရှိသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ပြည်ထောင်စုကြီးအတွက် အရေးပါသော ဒေသများဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအား လုံး၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအား လုံး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုအပေါ်တွင် တည်မှီနေသည်။ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုရလဒ်များသည် ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်အေးချမ်းသာယာဝပြောရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားများအဖြစ် ရပ်တည်ဖြစ်ထွန်းလျက်ရှိသည်။

နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သောသဝဏ်လွှာတွင် "ယနေ့အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကို ဖျက်ဆီးနေမည့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာဒေသနှင့် နိုင်ငံတော်အကျိုးအတွက် အားလုံးကအရှည်ကို မြော်တွေးကြရန် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။ မိမိတို့အချင်းချင်း သွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏စွမ်းအားများလျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန်" တိုက်တွန်းပြောကြားထားသည်။

ယခုအခါပြည်ထောင်စုကြီးအတွင်းရှိအချို့ဒေသများမှ တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ပြည်ထောင်စုကြီးအရေးကို မျက်ကွယ်ပြုကာ လူမျိုးရေး၊ ဝါဒရေး၊ နယ်မြေချဲ့ထွင်ရေး စသည်တို့ကို ရှေ့တန်းတင်ပြီး လက်နက်ကိုင်ပဋိပက္ခများဖန်တီးခဲ့ရာ တိုင်းရင်းသားအပြစ်မဲ့ပြည်သူများ ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။ အကြမ်းဖက်သောင်းကျန်းသူများ၏ ခေတ်အဆက်ဆက် ဖန်တီးခဲ့သော အဖျက်အမောင်းလုပ်ရပ်များသည် နိုင်ငံရေးကိုအကြောင်းပြပြီး လွဲမှားသောအယူအဆများဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းသာဖြစ်သည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းပြီး ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက်ရန်ထက် တသီးတခြားရပ်တည်လိုစိတ်ကိုသာ ရှေ့တန်းတင်လာသည်ကို တွေ့ရသည်။ လူငယ်လူရွယ်များကို မူးယစ်ဆေးဝါးဖြင့် သိမ်းသွင်းမြှူဆွယ်ပြီး လက်နက်ကိုင်ပဋိပက္ခအတွင်းသို့ သွတ်သွင်းခဲ့ကြသည်။ လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် မိမိတို့လိုလားချက်ကို တောင်းဆို၍ မရနိုင်ဘဲ နိုင်ငံရေးစားပွဲပိုင်းသို့လာရောက်ပြီး ငြိမ်းချမ်းစွာဖြေရှင်းမှသာ ပဋိပက္ခများ ပြေလည်မည်ဖြစ်သည်။

ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာဝပြောသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအတွက် အရေးကြီးသော ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပဟေဠိကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ ရည်မှန်းချက်အောင်မြင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံရေးအရ ဆွေးနွေးမှုများကို အစဉ်အမြဲဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်လှစ်ကြိုဆိုလျက်ရှိသည်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး၏ စုစည်းညီညွတ်သော စုပေါင်းအားဖြင့် ပြည်ထောင်စုကြီးအကျိုးကို တက်ညီလက်ညီ လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က လျှောက်လှမ်းလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ မှန်ကန်သည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဖြင့် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး တိုင်းရင်းသားပြည်သူအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေခံ၍ ပြည်ထောင်စုကြီးအကျိုးကို ဝိုင်းဝန်းသယ်ပိုးထမ်းဆောင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၂-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ဝိုင်း	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၄၀	၃၀၅၅	၃၀၂၀	၃၀၈၅	၃၀၆၀	၃၀၇၅	၃၀၉၅	၃၀၁၀	၄၅၀၅	၃၄၀၅	၃၀၃၀	၃၀၃၀	၃၂၀၀	၃၀၆၅	၃၀၉၀	၃၄၄၅	၃၉၅၀
95 Ron	၃၁၅၀	၃၂၆၅	၃၂၄၀	၃၁၆၅	၃၂၇၀	၃၂၈၅	၃၃၀၅	၃၂၂၀	၄၅၆၀	၃၅၁၅	၃၂၄၀	၃၂၄၀	၃၃၁၀	၃၂၇၅	၃၃၀၀	၃၅၅၅	၄၁၀၀
HSD (500 ppm)	၂၅၉၀	၂၇၀၅	၂၆၀၀	၂၆၀၅	၂၇၁၀	၂၇၂၅	၂၇၄၀	၂၆၆၀	-	၂၉၅၅	၂၆၀၀	၂၆၀၀	၂၇၅၀	၂၇၁၅	၂၇၃၅	၂၉၉၅	၃၉၅၀
HSD (50 ppm)	၃၂၁၀	၃၃၂၅	၃၂၉၀	၃၂၂၅	၃၃၃၀	၃၃၄၅	၃၃၆၅	၃၂၈၀	၄၀၃၀	၃၅၇၅	၃၃၀၀	၃၃၀၀	၃၃၃၀	၃၃၃၅	၃၃၅၅	၃၆၁၅	-
HSD (10 ppm)	၃၂၁၀	၃၃၂၅	၃၂၉၀	၃၂၂၅	၃၃၃၀	၃၃၄၅	၃၃၆၅	၃၂၈၀	-	၃၅၇၅	၃၃၀၀	၃၃၀၀	၃၃၃၀	၃၃၃၅	၃၃၅၅	၃၆၁၅	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၇၁	၂၉၆၂
95 Ron	၂၉၇၇	၃၀၇၁
HSD (500 ppm)	၂၄၃၃	၂၅၁၁
HSD (50 ppm)	၃၀၃၅	၃၁၂၅
HSD (10 ppm)	၃၀၃၅	၃၁၂၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၁၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဧလ

ငြိမ်းမှုံ

စာတည်းမှူးချုပ်	- ဦးဝင်းနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊
ခေတ္တ စာတည်းမှူး	- ဦးအေဝမ်းစိုး	သတင်းထောက်များ	ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
စာတည်းများ	- ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ	အင်ယက်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
		စာပြင်	- ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၄၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သို့ တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု(၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်စဉ်။

★ မျက်မှောက်ခေတ် ကမ္ဘာတစ်လွှား ဖြစ်ပွားနေသည့်စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများကို လေ့လာဆန်းစစ်ကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရ

★ လေကြောင်းစွမ်းအား သာလွန်ကောင်းမွန်မှုသည် ရန်သူအပေါ် လွှမ်းမိုးထိန်းချုပ်ချေမှုန်းနိုင်ပြီး မိမိတပ်ဖွဲ့များ၏ စိတ်ဓာတ်နှင့် တိုက်စွမ်းရည် ပိုမိုအားကောင်း တိုးတက်စေကြောင်း သိသာထင်ရှားစွာ တွေ့မြင်နေရ

○ ရှေ့ဖုံးမှ

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ပြီး ယခုကဲ့သို့ မင်္ဂလာရှိသည့်နေ့တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရာ၌ တပ်မတော်(လေ)၏ စွမ်းရည် မြင့်မားတိုးတက်ရေးအတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ကျင်းပပြုလုပ်သွားမည် ဖြစ်သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော် (လေ) အတွက် ဂုဏ်ယူဖွယ်ရာနေ့တစ်နေ့လည်း ဖြစ်ကြောင်း။

ယခင်က တပ်မတော်(လေ) လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားများ (၁၄) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွင် လေယာဉ်၊ ရဟတ်ယာဉ်များကို တပ်တော်ဝင်ခြင်းဆောင်ရွက်ပြီး တပ်မတော်(လေ) သို့ လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ကြောင်း၊ ထို့ကဲ့သို့ လေယာဉ်၊ ရဟတ်ယာဉ်များ တိုးတက်ဖြည့်ဆည်းပေးနိုင်သည့်အတွက် တပ်မတော်(လေ)၏ စစ်ဆင်ရေးနှင့် အခြားဝိုဏ်သနိုးရေး တာဝန်များ ထမ်းဆောင်ရာတွင် အဓိကအရေးပါသည့် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရာ ရောက်သကဲ့သို့ တပ်မတော်အတွက် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား တိုးတက်မြင့်မားအောင် အထောက်အကူပြုစေမည်လည်း ဖြစ်ကြောင်း။

မျက်မှောက်ခေတ် ကမ္ဘာတစ်လွှား ဖြစ်ပွားနေသည့် စစ်ပွဲများနှင့် လက်နက်ကိုင် ပဋိပက္ခများကို လေ့လာ ဆန်းစစ်ကြည့်ပါက လေကြောင်းနှင့်အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအား သာလွန်ကောင်းမွန်မှုသည် ရန်သူအပေါ် လွှမ်းမိုးထိန်းချုပ်ချေမှုန်းနိုင်ပြီး မိမိတပ်ဖွဲ့များ၏ စိတ်ဓာတ်နှင့် တိုက်စွမ်းရည် ပိုမိုအားကောင်း တိုးတက်စေကြောင်း သိသာထင်ရှားစွာ တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် တပ်မတော်(လေ)အနေဖြင့် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ဆန်းစစ်ပြီး လိုက်လျော

စာမျက်နှာ ၄ သို့ ○





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဂျက်တိုက်လေယာဉ်သုံးစင်းတို့က Composite Trail Formation အုပ်ဖွဲ့ပုံစံဖြင့် သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုကြစဉ်။

❍ စာမျက်နှာ ၃ မှ

ညီထွေစွာ ပြောင်းလဲတိုးတက်ဆောင်ရွက်နေရမည်ဖြစ်ကြောင်းကိုအလေးအနက် မှာကြားလိုကြောင်း။

ပို့ဆိုင်ထားသည့် လေယာဉ်၊ ရဟတ်ယာဉ်များနှင့် လက်နက်စနစ်များ၏ စွမ်းဆောင်ရည်ကို အပြည့်အဝအသုံးချစစ်ဆင်နိုင်ရန် လေ့ကျင့်သား ပြည့်ဝမှုသည် အဓိက လိုအပ်ချက်ဖြစ်ကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် စဉ်ဆက်မပြတ် ဖြစ်ပေါ်ပြောင်းလဲနေသည့်အတွက် တစ်ကြိမ်တစ်ခါလေ့ကျင့်ရုံဖြင့် မလုံလောက်ဘဲ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် လုပ်ငန်းစဉ်အတိုင်း အမြဲမပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ကာလတွင် အင်အားကြီးနိုင်ငံများ၏ အချင်းချင်း အားပြိုင်မှုများ တိုးတက်ဖြစ်ပေါ်လျက်ရှိပြီး အကျိုးဆက်အနေဖြင့် နိုင်ငံငယ်များအပေါ် ကဏ္ဍပေါင်းစုံမှ ဝင်ရောက်စွက်ဖက်ပြီး လွှမ်းမိုးခြယ်လှယ်ရန် ကြိုးပမ်းမှုများ၊ နိုင်ငံအချင်းချင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုများ၊ အကြမ်းဖက် တိုက်ခိုက်မှုများ၊ ပြည်တွင်း မငြိမ်မသက်မှုများသည် ကမ္ဘာ့နေရာ အနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိနေကြောင်း။

တပ်မတော်(လေ)၏သမိုင်းကို ပြန်ကြည့်မည်ဆိုပါက အခက်အခဲများကြားမှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့်ဇွဲသတ္တိတို့ကိုအရင်းခံပြီး ရှိသည့်လေယာဉ်၊ ရှိသည့်လက်နက်ဖြင့်ရည်မှန်းချက်အောင်မြင်အောင် ကြိုးစားတိုက်ပွဲဝင်ခဲ့သည်ကို အထင်အရှားတွေ့မြင်နေရကြောင်း၊ ထိုကဲ့သို့မြင့်မြတ်ဂုဏ်ယူဖွယ်ဖြစ်သည့် အစဉ်အလာကောင်းများကို တန်ဖိုးထားထိန်းသိမ်းပြီး နောက်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းအမွေဆက်လက်ပေးအပ်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား အမွေးနုံ့သာရည်များ ပက်ဖျန်းပေးစဉ်။

တပ်မတော်က ဆောင်ရွက်အကောင်အထည်ဖော်နေသည့် နိုင်ငံတော် ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်(လေ)အနေဖြင့်လည်း ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ဆက်လက်ပါဝင် ထမ်းဆောင်သွားကြရန်၊ ယခုတပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်၊ ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားစွာ ကိုင်တွယ်အသုံးပြုပျံသန်းပြီး တပ်မတော်၏ ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်ကို ထိထိရောက်ရောက် ကာကွယ် စောင့်ရှောက်နိုင်သည့် စွမ်းရည်မြင့်မားသော ခေတ်မီတပ်မတော်(လေ)အဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးစားအားထုတ် တည်ဆောက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားပြီး စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်က လေယာဉ်၊ ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင် အထိမ်းအမှတ် လေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများပြသကြရာ ဦးစွာ အချိန်ကိုက်ပျံသန်းအလေးပြုခြင်း အစီအစဉ်အရ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်နှစ်စင်းတို့က နိုင်ငံတော်အလံနှင့် တပ်မတော်အလံကို ချိတ်ဆွဲပြီး အပေါ့စားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်နှစ်စင်းတို့က ခြံရံလိုက်ပါပျံသန်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အလေးပြုကြသည်။

ယင်းနောက် အပေါ့စားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်လေးစင်းတို့က အမျိုးအစားမတူညီသည့် Composite Box Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ တပ်မတော်(လေ)မှ စမ်းသပ်တီထွင်ထုတ်လုပ်ထားသည့် ကင်းထောက်လေယာဉ် နှစ်စင်းနှင့် အမောင်းသင်လေယာဉ် တစ်စင်းတို့က အမျိုးအစားမတူညီသည့် Composite Trail Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် အလတ်စား သယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်းတို့က အမျိုးအစားမတူညီသည့် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ ဂျက်တိုက် လေယာဉ်သုံးစင်းတို့က Composite Trail Formation အုပ်ဖွဲ့ပုံစံဖြင့် တပ်မတော်(လေ)ကို ကိုယ်စားပြုသည့် အဝါရောင်၊ အဖြူရောင်၊ အပြာရောင် မီးခိုးများကို ထုတ်လွှတ်၍ လည်းကောင်း၊ ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်နှစ်စင်းနှင့် ဘက်စုံသုံးဂျက်တိုက်လေယာဉ်နှစ်စင်းတို့က အမျိုးအစားမတူညီသည့် Composite Box Formation အုပ်ဖွဲ့ ပုံစံဖြင့် လည်းကောင်း၊ တိုက်လေယာဉ်သုံးစင်းတို့က Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းမောင်းနှင်ကြပြီး ရှုရုပ်၏ ရှေ့တူရူတည့်တည့်မှ ပျံသန်းဝင်ရောက်ကာ ယပ်တောင် ဖြန့်ခွပုံစံဖြင့် လည်းကောင်း၊ အမောင်းသင်လေယာဉ်တစ်စင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ် တစ်စင်းနှင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစားဂျက်တိုက်လေယာဉ်တစ်စင်းတို့က အမျိုးအစားမတူ၊ အရွယ်အစားမတူ၊ ပျံသန်းနှုန်းမတူညီသည့်လေယာဉ်အမျိုးအစားသုံးမျိုးတို့က Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

စာမျက်နှာ ၅ သို့ ❍



လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများပြသကြစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် တပ်တော်ဝင်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ)၏ဖွဲ့စည်းတည်ထောင်မှု (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ငှက်များအား ဘေးမဲ့လွှတ်ပေးကြစဉ်။

❍ စာမျက်နှာ ၄ မှ

ထို့နောက် တိုက်လေယာဉ်တစ်စင်းက အမြန်နှုန်း တစ်နာရီ ၉၀၀ ကီလိုမီတာနှုန်း High Speed Flight ဖြင့် ပျံသန်းကာ ရုတ်ခြည်း အပေါ်တည့်တည့်သို့ ထောင်တက်၍ Zoom Climb Maneuver ကို စွမ်းရည်သရုပ်ပြ ပျံသန်းပြီး စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ်တစ်စင်းက ရန်သူမှ တန်ပြန်ပစ်ခတ်လာနိုင်သည့် လေကြောင်းရန် ကာကွယ်ရေးလက်နက်များအား ရှောင်ရှားပျံသန်းရာတွင် လည်းကောင်း၊ မိမိလေယာဉ်နောက်မှ လိုက်ပါလာသည့် ရန်သူကိုလှည့်စားပြီး ရန်သူ့လေယာဉ်၏ဘယ်သို့မဟုတ် ညာဘက်သို့ ကွေ့ဝိုက်ကာ ရန်သူ့လေယာဉ် အနောက်တည့်တည့်မှ ပြန်လည်နေရာယူတိုက်ခိုက်သည့် ပုံစံ Oblique Loop Maneuver ဟုခေါ်သည့် စစ်ကစားမှုပုံစံဖြင့်ပျံသန်း၍လည်းကောင်း၊ မိမိလေယာဉ်နောက်မှ ထက်ကြပ်မကွာ လိုက်လာသည့်ရန်သူကို လှည့်စားသည့်အနေဖြင့် ဘယ် သို့မဟုတ် ညာသို့ Roll ပြုလုပ်ကာ Multi Roll ဟုခေါ်သည့် စစ်ကစားမှုပုံစံဖြင့်ပြုလုပ်ပျံသန်း၍လည်းကောင်း၊ သာမန်ဂျက်တိုက်လေယာဉ်များ မပြုလုပ်နိုင်သည့် ပျံသန်းမှုအမျိုးအစားဖြစ်သည့် High AOA Loop ပုံစံဖြင့် သရုပ်ပြပျံသန်း၍လည်းကောင်း၊ ရှုရပ်၏အနောက်တည့်တည့်မှ ဝင်ရောက်ပြီး မီးကျည်များပစ်လွှတ်၍ လည်းကောင်း စွမ်းရည်သရုပ်ပြပျံသန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် လေယာဉ်/ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ဆက်လက်၍ ဧဝိတဒါနဌာနလွှတ်ခြင်း ဆောင်ရွက်ကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ငှက်အကောင်ရေ ၇၇ ကောင်တို့အား ဘေးမဲ့လွှတ်ပေးကြပြီး တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား အမွေးနုံသာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင်ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့ လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် ပါဝင်ပျံသန်းခဲ့သည့် MTX-1A နှင့် MTX-1B လေယာဉ်များသည် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များကိုယ်တိုင် စမ်းသပ်တီထွင် ထုတ်လုပ်ထားသော လေယာဉ်များ ဖြစ်သည်။

MTX-1A လေယာဉ်ထုတ်လုပ်မှုအတွေ့အကြုံများကို အခြေခံ၍ ပိုမိုခေတ်မီအဆင့်မြင့်သည့် MTX-1B လေယာဉ်အား တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များက အဆင့်မြင့် Cockpit Display များ၊ ဆက်သွယ်ရေး စနစ်များနှင့် ကိုယ်ထည်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများပြုလုပ်ကာ ထပ်မံဆန်းသစ်တီထွင် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

လေယာဉ်ထုတ်လုပ်မှု ရည်ရွယ်ချက်များအတိုင်း လေယာဉ်ကိုယ်ထည်ပိုင်း၊ လျှပ်စစ်နှင့် အင်ဂျင်အပိုင်း၊ လေကြောင်းလမ်းပြစနစ်၊ ဆက်သွယ်မှုစနစ်များနှင့် မောင်းနှင်ထိန်းသိမ်းမှုပြဿသည့်စနစ်များအား ဒီဇိုင်းကင်းထောက်လေယာဉ် အမျိုးအစားဖြစ်သည်။ Reverse Engineering နည်းလမ်းဖြင့် လေယာဉ်ထုတ်လုပ်မှုနည်းပညာနှင့် အတွေ့အကြုံများရရှိရန် ရည်ရွယ်၍ စမ်းသပ်ထုတ်လုပ်တပ်ဆင်ခဲ့ခြင်းဖြစ်ပြီး MTX-1A လေယာဉ်အား Cockpit Flight Display System၊ Communication & Navigation System တို့ကို Design ထုတ်လုပ်၍ System Integration ပြုလုပ်တပ်ဆင်ကာ ၂၀၂၁ ခုနှစ် မတ် ၂၅ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့သည်။

MTX-1A လေယာဉ်သည် ၂၀၂၄ ခုနှစ် မတ်လတွင် စမ်းသပ်ပျံသန်းခြင်းများကို အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဒီဇင်ဘာ ၁၄ ရက် ညနေပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် လေယာဉ်/ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ်အဖြစ် ပြခန်းများအတွင်း ပြသထားသည့် လေကြောင်း သမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်(လေ) ဝတ်စုံများ၊ တပ်မတော်(လေ) သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တာဝန်ထမ်းဆောင်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊

စာမျက်နှာ ၆ သို့ ☆

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၏ အကြိမ်(၃၀)မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



မန္တလေး ဒီဇင်ဘာ ၁၅

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့၏ အကြိမ်(၃၀) မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တက္ကသိုလ်များမှ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဆရာတော်များ၊ ပြင်ပကျမ်းစစ်ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ သင်ကြား/စီမံဆရာတော်များ၊ ဘွဲ့ခံသံဃာတော်များ၊ ပြင်ပပညာရှင်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်က ဆုတောင်းပတ္ထနာပြုကာ သာရဏီယဩဝါဒကထာကို လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက သမ္မောဒနီယဩဝါဒကထာကို လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမုဒက အကြိမ်(၃၀)မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း မြွက်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားရာတွင် ဝန်ကြီးဌာနအနေဖြင့် သာသနာတော်ဆိုင်ရာ ထောက်ပံ့လှူဒါန်းမှုများကို တတ်စွမ်းသရွေ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ ဘွဲ့ခံသံဃာတော်များ နစ်စဉ်ပေါ်ထွန်းရေး၊ နယ်စပ်တောင်တန်းဒေသများတွင် သာသနာထွန်းကားပြန့်ပွားနိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆန္ဒပြုလျှောက်ထားသည်။

ယင်းနောက် ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒနသာရထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးပြီး ပါမောက္ခချုပ်ဆရာတော်များထံ အသီးသီးဘွဲ့ခံယူကြကာ ဘွဲ့ခံရဟန်းတော်များက နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး ရှေ့မှောက်တွင် သာသနာပြုကတိသစ္စာခံယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်ဘဒ္ဒန္တစန္ဒနသာရထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းလောင်းအမျှပေးဝေကြကာ ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူပူဇော်ကြသည်။

ယနေ့ သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်တွင် သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ရ ၁၄ ပါး၊ သာသနတက္ကသီလ ဓမ္မာစရိယ B.A (Buddhism) ဘွဲ့ရ ၁၁၄ ပါး စုစုပေါင်း ဘွဲ့ရအရှင်သူမြတ် ၁၂၈ ပါး ဘွဲ့ခံယူခဲ့ကြပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ အကြိမ် (၃၀) မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားထိ ဘွဲ့ခံယူခဲ့ကြသည့် ရဟန်းတော် စုစုပေါင်း ၃၃၁၆ ပါး ပေါ်ထွန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၅ မှ

သမိုင်းဝင်လေယာဉ်၊ ရဟတ်ယာဉ်များနှင့် ၎င်းတို့ဆင်နွှဲခဲ့သည့် တိုက်ပွဲမှတ်တမ်းများ၊ လေယာဉ်၊ ရဟတ်ယာဉ်များတွင် အသုံးပြုလျက်ရှိသည့် Avionics ပစ္စည်းများ၊ ခေတ်မီမျိုးဆက်သစ် တိုက်ခိုက်ရေး လေယာဉ်ပုံစံငယ်များနှင့် လေသူရဲအသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသည့် လက်နက်၊ ခဲယမ်းများ၊ တပ်မတော်(လေ)မှ စွမ်းရည်ဘွဲ့တံဆိပ်ရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ တပ်တော်ဝင် အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ) အရာရှိ၊ စစ်သည်၊ အစားခန့်များအား လေ့ကျင့်ပျိုးထောင်မှု မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ တိုးတက်ပြောင်းလဲလာမှု မှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) အဆက်ဆက်က ဆုရလေသူရဲများအား ဆုချီးမြှင့်ပေးအပ်သည့် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော် (လေ) မှ ထုတ်လုပ်ထားသည့် လေကြောင်းအီလက်ထရောနစ်ဆိုင်ရာ စက်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်စာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးကြပြီးနောက် လေတပ်စခန်း ဌာနချုပ်များအလိုက် အမှတ်တရပစ္စည်း အရောင်းဆိုင်နှင့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာ အရောင်းဆိုင်၊ စာအုပ်အရောင်းဆိုင်နှင့် တပ်မတော်မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များအား ဆက်လက်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၇၇)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီးတို့ သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၅

(၇၇) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်း ဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသောတပ်မတော်သားအပေါင်းအား အလေးပြုခြင်း၊ သစ္စာ (၄)ချက် ရွတ်ဆိုခြင်းများဆောင်ရွက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)က စစ်ရေးပြတပ်ခွဲများအား စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က (၇၇) နှစ်မြောက် တပ်မတော် (လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

အလားတူ (၇၇) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်တွင် ကျင်းပရာ မိတ္ထီလာမြို့နယ် သံဃနာယကအဖွဲ့ဝင် မဟာကမ္မဋ္ဌာနာစရိယ သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တအမှူးပြုသော သံဃာတော် အရှင်သူမြတ်များက ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့်ဇနီး၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်အခမ်းအနားတက်ရောက်လာကြသူများသည် သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီးနောက် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် (၇၇)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ်မိန့်ခွန်း ပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနား တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘာသွေး ဖတ်ကြားစဉ်။

စစ်တွေ ဒီဇင်ဘာ ၁၅

နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမူထန်၊ ဒေါက်တာဘာသွေးနှင့် ခွန်စံလွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးဒေါ်နုမြဲ၊ ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသူများ တက်ရောက်ကြသည်။

ဦးစွာ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနားကို ရက္ခပူရတေးဂီတအဖွဲ့က "ရွှေရတုချိန်ခါ ရခိုင်ပြည်နယ်ပါ" တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘာသွေးက ဖတ်ကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွက် ပေးအပ်သည့် 50 W ဆိုလာနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘာသွေးနှင့် ဒေါက်တာမူထန်တို့က ပြည်နယ်စီမံထူးချွန်ဆု(ပထမဆင့်) ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချွန်ဆု(ပထမဆင့်)ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု(ပထမဆင့်) ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က "သျှိုင်ဒိုင်" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ Jeng Phang နော်တောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပြည်နယ်စီမံထူးချွန်ဆု(ဒုတိယဆင့်) ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု(ဒုတိယဆင့်)ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချွန်ဆု(ဒုတိယဆင့်)ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု(တတိယဆင့်) ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်နယ်စီမံထူးချွန်ဆု(တတိယဆင့်)ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု(စတုတ္ထဆင့်) ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချွန်ဆု(တတိယဆင့်)ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု(ပဉ္စမဆင့်) ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချွန်ဆု(စတုတ္ထဆင့်)ရရှိသူများ၊ ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု(ဒုတိယဆင့်) ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချွန်ဆု(ပဉ္စမဆင့်)ရရှိသူများ၊ ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု(တတိယဆင့်) ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က "ရိုးမရံစီ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာဆုရရှိကြသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြကာ ရခိုင်တိုင်းရင်းသားရိုးရာ အကအဖွဲ့က "ဓမံး" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား ဦးဆောင်သောအဖွဲ့သည် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာများ ပေးအပ်ကြပြီး အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့သည် စစ်တွေမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့သွားရောက်ပြီး ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုကြကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် သင်္ဘောများ၊ ရေယာဉ်များဖြင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ညနေပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသော နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမူထန် ပြည်နယ်လူမှုထူးချွန်ဆု(ပထမဆင့်)ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပြည်နယ်စီမံထူးချွန်ဆု(ဒုတိယဆင့်)ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

သရက်မြို့၌ ဆောင်းနေကြာစိုက်ခင်းများ၌ ပျားအုံများချထားရေး ကွင်းဆင်းဆွေးနွေး

သရက် ဒီဇင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ပံ့ပိုးမှုဖြင့် ပျားလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးတင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များသည် ယမန်နေ့က ရေပေါ်ကျွန်းကျေးရွာရှိ နေကြာစိုက်ခင်းများတွင် ပန်းပွင့်မှုအခြေအနေအရ ပျားအုံများ ချထားပေးရေး ကွင်းဆင်းဆောင်ရွက်သည်။

ဆက်လက်၍ ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ပျားလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ပျားအုံများချထားပေးခြင်း၏ အကျိုးကျေးဇူးကို တောင်သူများအား အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ပွဲစဉ်များ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ကြသည်။

တက်ရောက်ကြည့်ရှုအားပေး

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီက အမျိုးသား ၇၀ ကီလိုအထိ ကာလဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမျိုးသား ၇၅ ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အမျိုးသား၇၅ ကီလိုအထက် ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်ထွန်းက အမျိုးသား ၁၇၀ စင်တီမီတာအထိ Sport Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသား ၁၇၀ စင်တီမီတာအထက် Sport Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသမီး ၁၆၀ စင်တီမီတာအထိ Model Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး ၁၆၀ စင်တီမီတာအထက် Model Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသမီး Fitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

အလားတူ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကိုဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်က အမျိုးသားလှံတံပစ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသားမီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်သိန်းက အမျိုးသား ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စာမျက်နှာ ၉ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသမီး ၁၆၀ စင်တီမီတာအထက် Model Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စစ်တွေ ဒီဇင်ဘာ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သို့ရောက်ရှိရာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းကောင်း၊ လူငယ်သင်တန်းကျောင်း သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အမှာစကားပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်က အခမဲ့ပညာသင်ကြားရေးနှင့် နေထိုင်စားသောက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးထားသည့် အပေါ် ကျေးဇူးသစ္စာစောင့်သိရှိသေကြရန်၊ ဆရာ ဆရာမများနှင့် နည်းပြများအနေဖြင့် ကျောင်းသား ကျောင်းသူများအား အတွေးအခေါ်အသိအမြင်နှင့် ဆင်ခြင်တုံတရားပြည့်ဝ၍ ဗဟုသုတနှင့်ပြည့်စုံပြီး နောင်တစ်ချိန်တွင် မိမိနိုင်ငံ၊ မိမိဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ နိုင်ငံတော်က အားကိုးအားထားပြုရမည့် နိုင်ငံ့သားကောင်းရတနာများ၊ သမီးကောင်းရတနာများ ဖြစ်အောင် လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန်မှာကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားသည်။ ယင်းနောက် ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်၊



ကျောင်းသန့်ရှင်းသာယာလှပရေးနှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားတန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားလုံတံပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၈ မှ

ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသားဗီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမျိုးသား မီတာ ၄၀၀လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ဒီဇင်ဘာ ၁၆ ရက်တွင် သက်ဆိုင်ရာ အားကစားရုံများနှင့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကို လာရောက်ကြည့်ရှုအားပေးကြသူများအား တွေ့ရစဉ်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၁၅

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းသိကြားပုန်းဘုရား အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနား တက်ရောက်



ညောင်ဦး ဒီဇင်ဘာ ၁၅

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားအမှတ်-၂၃၅ (သိကြားပုန်းဘုရား) ဗုဒ္ဓါဘိသေက အနေကဇာတင်လျူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒစရိယ မြစ်ကြည့်တိုက် ရုပ်စုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဇလန္ဓဝံသအရှင်သူမြတ်အမှူးပြု၍ ပင့်သံဃာဆရာတော်ကြီး ကိုးပါးကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သြဝါဒစရိယ မြစ်ကြည့်တိုက် ရုပ်စုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများ ချီးမြှင့်သော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လျူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လျူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဘုရားကို ခေတ်အဆက်ဆက် ပြုပြင်လျူဒါန်းခဲ့သည့် အလျူရှင်များနှင့် လျူဒါန်းမှုအစုစုတို့အတွက် မြစ်ကြည့်တိုက် ရုပ်စုံကျောင်းတိုက် အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလအတွင်း လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် တောင်ဘီကျေးရွာအနောက်ဘက် နတ်ထောင့်ကျောင်းတိုက် အနီးရှိ ရှေးဟောင်းဘုရားအမှတ်-၁၉၈၃ (ဆုတောင်းပြည့်ဘုရား)၏ တိုက်မမြောက်ဘက်နံရံနှင့် တိုက်မအထက်ရှိ ကွမ်းတောင်နှင့် အထွတ်စေတီတို့ ထိခိုက်ပျက်စီးခဲ့ရာ ကနဦးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း အနေဖြင့် သဲခဲများရှင်းလင်းခြင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းခွင်ကို လည်းကောင်း၊ ရွာဟောင်းကြီးဘုရားအနီးရှိ ရွာဟောင်းကြီးရေကန်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရေးမူမပျက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

e-Government ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို အထောက်အကူဖြစ်နိုင်ရေး “Cyber Security in the Digital Age” ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် Telecom International Myanmar Co.,Ltd (Mytel)တို့ ပူးပေါင်းပြီး “Cyber-Security in the Digital Age” ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အောက်ရှိ ဌာနအကြီးအကဲများ၊ ပြည်ထောင်စုအဆင့် ရုံးအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ Chief Information Officer (CIO) နှင့် Deputy / Assistant Chief Information Officer များ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ တာဝန်ယူဆောင်ရွက် နေသူများ၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

ဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလူမွန်က အမှာစကားပြောကြားရာတွင် အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ e-Government ဖွံ့ဖြိုးတိုးတက်ရေးနှင့်လုံခြုံရေးကို အထောက်အကူပြုစေရန်၊ အရည်အချင်းရှိသော ပြည်တွင်းဆိုက်ဘာ လုံခြုံရေးဆိုင်ရာ ကျွမ်းကျင် ပညာရှင်များကို လေ့ကျင့်ပြုစုပျိုးထောင် မွေးထုတ်နိုင်ရန်နှင့် ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်မှုများကို ပြန်လည်တုံ့ပြန်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်ပညာရေးကဏ္ဍများမှကျွမ်းကျင်သူများကို စုစည်း၍ အတူတကွ ပူးပေါင်း လုပ်ဆောင်မှုများကို မြှင့်တင်အားပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ICT နည်းပညာသည် နေ့စဉ်နှင့်အမျှ လျင်မြန်စွာ ပြောင်းလဲ တိုးတက်လာသည်နှင့်အညီ မြန်မာနိုင်ငံတွင်လည်း အစိုးရဌာန အသီးသီးမှ e-Government လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လာကြပြီး အစိုးရပိုင်းဆိုင်ရာသာမက ပုဂ္ဂလိကပိုင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ အွန်လိုင်း ဝန်ဆောင်မှုများလည်း တိုးတက် များပြားလာလျက်ရှိကြောင်း၊ ထိုသို့တိုးတက်လာမှုများသည် ကောင်းမွန်သည့် အကျိုးရလဒ်များရရှိသလို ၎င်းနည်းပညာများကိုအသုံးပြုပြီး ဆိုက်ဘာတိုက်ခိုက်မှုများကိုလည်း နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လာကြကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ ကွန်ရက်လုံခြုံရေးအတွက် နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်း၊ နည်းပညာရှင်များဖြင့် တောင့်တင်းခိုင်မာသည့် လူစွမ်းအား အရင်းအမြစ်များ ဖြည့်တင်းခြင်း၊ နိုင်ငံတကာ၏ အတွေ့အကြုံကောင်းများကို စဉ်ဆက်မပြတ် လေ့လာခြင်းများကို မလွဲမသွေ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် မိမိတို့တွေ့ကြုံနေရသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည့် အတွေ့အကြုံကောင်းများ၊ သိရှိလိုသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံကောင်းများကို ပွင့်ပွင့်လင်းလင်း ပူးပေါင်းပါဝင် ဆွေးနွေးသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Telecom Myanmar International Co.,Ltd (Mytel) CEO က အမှာစကား ပြောကြားရာတွင် နည်းပညာသစ်များ တိုးတက်လာမှုသည် အခွင့်အလမ်းများကို ရရှိစေသလို ဆိုက်ဘာ ခြိမ်းခြောက်မှုများကို လည်း ဖြစ်ပေါ်စေပါကြောင်း၊ အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် စီးပွားရေးလုပ်ငန်းများအတွက် မိမိတို့၏ အချက်အလက်များသည် အသက်သွေးကြော ဖြစ်သည့်အတွက် ကြိုတင်ကာကွယ်ရန် အရေးကြီးကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် အချက်အလက်များ ကြိုတင်ကာကွယ်ခြင်း၊ ကွန်ရက်လုံခြုံရေးနှင့် ဒစ်ဂျစ်တယ်ခေတ်တွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကျင့်ဝတ်များနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောဆွေးနွေးကြမည်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအတွက် လုံခြုံစိတ်ချရသော ဒစ်ဂျစ်တယ် အနာဂတ်တစ်ခုကို အတူတကွ ဖော်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ Viettel ကုမ္ပဏီမှ Security Operation Center (SOC) အကြံပြုချက်များနှင့် SOC Cloud ဝန်ဆောင်မှုအကြောင်း မိတ်ဆက်တင်ပြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန သတင်း အချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနက မြန်မာနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် စည်းမျဉ်းစည်းကမ်းများ အကြောင်းကို ရှင်းလင်း ဆွေးနွေးသည်။ ယင်းနောက် ဆိုက်ဘာလုံခြုံရေး ဆိုင်ရာကျွမ်းကျင်သူများက ဦးစီး၍ “Safeguarding Data, Privacy and Infrastructure” ခေါင်းစဉ်ဖြင့် မျက်နှာစုံညီ ဆွေးနွေးပွဲပြုလုပ်ကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကလေးမြို့၌ ဆောင်းသီးနှံထွန်ယက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် ၂၃၄၀၀၀၀၀ ပေးအပ်ပွဲအခမ်းအနား ကျင်းပ



ကလေး ဒီဇင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာမှ မီးဘေးသင့်တောင်သူ ၇၂ ဦး၏ လယ်မြေ ၈ကော ၃၀၀ တွင် ဆောင်းသီးနှံထွန်ယက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စက်သုံးဒီဇယ်ဆီနှင့် ထွန်ယက်ခအပါ ငွေကျပ် ၂၃၄၀၀၀၀၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကလေးမြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်

ဦးစွာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်က မီးဘေးသင့်တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် အခက်အခဲမရှိစေရန် တိုင်းဒေသကြီးအစိုးရက ပထမအကြိမ် မိုးသီးနှံစိုက်ပျိုးရန်အတွက် ငွေကျပ် ၃၀၄၂၀၀၀၀ ကို ပေးအပ်ပြီး လျာထားချက် ၁၇၈၅၇၅ ဧကတွင် ၁၇၆၆၅၉ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ၉၀ ရာခိုင်နှုန်း အောင်မြင်အောင်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုဆောင်းသီးနှံအတွက် လျာထားချက် ၃၂၇၉၃၂ ဧကရှိရာ စိုက်ဧကပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကလေးခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံတောင်သူများထံ ငွေများပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အောင်ချမ်းသာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်း၊ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးတို့သည် ဒီဇင်ဘာ ၁၄ ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံချောင်းကျေးရွာ အောင်ချမ်းသာစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စာပေဗိမာန် သုတ/ရသ စာအုပ် ၂၉၀ ကို လှူဒါန်းရာကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းမြက လက်ခံရယူပြီး မြို့နယ်စက်သုံးဆီလုပ်ငန်းရှင်များက လှူဒါန်းသည့် သုတ/ရသစာအုပ် ၁၀၀ ကို ဦးနေလှိုင်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင် ဦးလောကလက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စာကြည့်တိုက်အတွင်း စာအုပ်/စာစောင်များ၊ ပရိဘောဂများ၊ ဖြည့်တင်းထားရှိမှုနှင့် ခင်းကျင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပါဝင်ကူညီခဲ့သည့် ဆင်အကအဖွဲ့၊ ကရင်ဒုံးယိမ်းအကအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် ကျောင်းသူများသီဆိုကပြနေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





ပဲခူးမြို့ ဆုတောင်းပြည့်ရွှေသာလျောင်းဘုရား၌ (၃၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

ပဲခူး ဒီဇင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေသာလျောင်းဘုရား၌ (၃၅) ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပသည်။

ဦးစွာ ပဲခူးမြို့ ဆုတောင်းပြည့်ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အလှူတော်မင်္ဂလာကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များက သံဃာအပါး ၁၃၀ နှင့် သီလရှင်အပါး ၁၅၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူပူဇော်ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးစီစဉ် ကျင်းပသည့် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၉၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ် နတ်တော်လဆန်း ၉ ရက် (ဒီဇင်ဘာ ၉ ရက်)မှ နတ်တော်လပြည့်ကျော် ၁ ရက် (ဒီဇင်ဘာ ၁၆ ရက်) အထိ ရှစ်ရက်တိုင်တိုင် ပဋ္ဌာန်းပွဲများ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲများ၊ ဆွမ်းတော်ကြီးကပ်လှူပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပုဂံညောင်ဦးရွေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွေးဟောင်းရေကန်များ ပြုပြင်တူးဖော်နေမှုနှင့် မြေသားရေကန်တူးဖော်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ဦး ဒီဇင်ဘာ ၁၅

မန္တလေးတိုင်း ဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးအောင်ဇော်ဦးနှင့် ညောင်ဦး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၃ ရက်တွင် ပုဂံညောင်ဦး ရွေးဟောင်းယဉ်ကျေးမှု နယ်မြေတွင် ရွေးဟောင်းရေကန်များ ပြုပြင်တူးဖော် ဆောင်ရွက်နေမှုနှင့် ကျောက်ပန်းတောင်းမြို့နယ် စံပယ်ပင်ကျေးရွာတွင် ဒေသခံကျေးလက်နေ ပြည်သူများ သောက်သုံးရေဖူလုံစေရန် မြေသားမိုးရေလှောင်ကန် တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် ပုဂံညောင်ဦးရွေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက လှူဒါန်းတူးဖော်သည့် ရွေးဟောင်းရေကန် ၁၈ ကန်အား ပြန်လည်ပြုပြင် တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ပုဂံညောင်ဦး ရွေးဟောင်း ယဉ်ကျေးမှု နယ်မြေတွင် ရွေးဟောင်း ရေကန်စုစုပေါင်း ၉၁ ကန်အား ပြန်လည်ဆယ်ယူပြုပြင် တူးဖော်လျက်ရှိပြီး အဆိုပါ ရွေးဟောင်း ရေကန်များအနက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူ ပြုပြင် တူးဖော်ဆောင်ရွက်လျက်ရှိသော ရွေးဟောင်းရေကန် ၂၀ ရှိကာ ယခုအခါ ရွေးဟောင်းရေကန် ၁၂ ကန် ပြုပြင်တူးဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညောင်ဦးခရိုင် ကျောက်ပန်းတောင်း မြို့နယ် စံပယ်ပင်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မြေသားရေကန် တူးဖော်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးစီးသည့် မြေသားရေကန်အား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန် ကျေးရွာ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ချောက်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်

ချောက် ဒီဇင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ချောက်ရေနံမီးသတ်တို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက် ၈ နာရီတွင် အမှတ်(၁၅)ရပ်ကွက် ရတနာအိုင်ရပ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်၌ ဆောင်ရွက်သည်။

အဆိုပါမီးငြိမ်းသတ်သရုပ်ပြမှုကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးသိန်းဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ချောက်ရေနံမီးသတ်တာဝန်ခံဦးကြည်မိုးနှင့် အဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုကိုင်တွယ်ပုံ၊ မီးငြိမ်းသတ်ယာဉ်များဖြင့် လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြသခြင်းများကို ဆောင်ရွက်ရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်တာဝန်ခံနှင့် ဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ငွေကြေယ်



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသား/ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀x၄ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းကို သုံးပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို သုံးပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ နှစ်ပွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို သုံးပွဲ နှစ်ပွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၁၁ ဂိုး-ဂိုးမရှိ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-သုံးဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို ၁၂ ဂိုး-တစ်ဂိုး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုတရားလွှတ်တော်အသင်းကို ၂၅ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရုံ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စက်မှုဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စက်မှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို နှစ်ပွဲပြတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အသင်းကို နှစ်ပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စက်မှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို နှစ်ပွဲပြတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အသင်းကို

စာမျက်နှာ ၁၃ သို့ ✻



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ၈၅ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ နန္ဒအောင် ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်း ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲ ၁၅-၁၂-၂၀၂၄ ရက်နေ့အထိ ဆုရရှိမှုအခြေအနေ

စဉ်	ဝန်ကြီးဌာန	ရွှေ	ငွေ	ကြေး	ပေါင်း	မှတ်ချက်
၁	ကာကွယ်ရေး	၉	၅	၇	၂၁	
၂	အားကစား/လူငယ်	၈	၆	၄	၁၈	
၃	ပြည်ထဲရေး	၇	၈	၇	၂၂	
၄	ဆောက်လုပ်ရေး	၅	၆	၆	၁၇	
၅	ပို့ဆောင်/ဆက်သွယ်	၂	၂	၁	၅	
၆	သယံဇာတ/ပတ်ဝန်းကျင်	၁	၂	၁	၄	
၇	စိုက်မွေး/ဆည်	၁	၁	၂	၄	
၈	စီမံ/ဘဏ္ဍာ		၂		၂	
၉	ဟိုတယ်/ခရီး		၁		၁	
၁၀	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး			၁	၁	
၁၁	သာသနာ/ယဉ်ကျေးမှု			၁	၁	
၁၂	သမ/ကျေးလက်			၁	၁	
၁၃	အလုပ်သမား			၁	၁	
၁၄	စီးပွား/ကူးသန်း			၁	၁	
စုစုပေါင်း		၃၃	၃၃	၃၃	၉၉	

* စာမျက်နှာ ၁၂ မှ

နှစ်ပွဲ-တစ်ပွဲ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက အလုပ်သမားဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်း ကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ အမျိုးသား အမျိုးသမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲပထမအကျော့ပွဲစဉ်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်/ စနူကာပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ ရဲထွဋ်နိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ချမ်းမင်းကျော်ကို သုံးပွဲ-တစ်ပွဲ၊ ရှမ်းပြည်နယ်မှ ဖီးအိက ဧရာဝတီတိုင်းဒေသကြီးမှ ခင်ဇော်ကို သုံးပွဲ- တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

စနူကာ 15 Red တစ်ဦးချင်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွင် ကချင်ပြည်နယ်မှ သက်ပိုင်ထက်က ပဲခူးတိုင်းဒေသကြီးမှ ငြိမ်းပြည့်ဖြိုးကို သုံးပွဲ-တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ သော်တာမင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်မှ မျိုးသူရအောင်က မွန်ပြည်နယ်မှ မင်းသန့်ကို သုံးပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးမှ စိုးမိုးက ရန်ကုန်တိုင်းဒေသကြီးမှ အောင်ညီညီမောင်ကို သုံးပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးမှ ရဲထွဋ်ဦးက မန္တလေးတိုင်းဒေသကြီးမှ ကျော်ဝင်းလှိုင်ကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်မှ သက်မျိုးကြည်လှိုင်က ကယားပြည်နယ်မှ အောင်မျိုးထွန်းကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းစွန်ထက်က ရှမ်းပြည်နယ်မှ ရဲလင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုအောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မင်းသျှင်ထွန်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက မန္တလေးတိုင်းဒေသကြီးမှ အေးမင်းကို သုံးပွဲ- နှစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုးက စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်ဝင်းကို သုံးပွဲ တစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ကျော်ဌေးက ရန်ကုန်တိုင်းဒေသကြီးမှ ဇော်လင်းနုကို သုံးပွဲ-နှစ်ပွဲ၊ မကွေးတိုင်းဒေသကြီးမှ လင်းအောင်က စစ်ကိုင်းတိုင်းဒေသကြီးမှ သီဟစိုးကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးမှ ကျော်ဇင်သန့်က ရှမ်းပြည်နယ်မှ ကမ္ဘာလင်းကို ခုနစ်ပွဲ-ခြောက်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးမှ ရာဇာဟန်က ကချင်ပြည်နယ်မှ အောင်ကျော်မိုးကို ခုနစ်ပွဲ-ငါးပွဲဖြင့် လည်းကောင်း၊ စနူကာ 6 Red နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ- တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ 9 Ball Pool နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ခုနစ်ပွဲ-တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ခုနစ်ပွဲ-ခြောက်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို မြန်မာ



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပရာ အမျိုးသား ၇၀ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအထိကာယဗလပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအထက်ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထိ Sport Physique ပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထက် Sport Physique ပြိုင်ပွဲ၊ အမျိုးသမီး ၁၆၀ စင်တီမီတာအထိ Model Physique ပြိုင်ပွဲ၊ အမျိုးသမီး ၁၆၀ စင်တီမီတာအထက် Model Physique ပြိုင်ပွဲ၊ အမျိုးသမီး Fitness Physique ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများအား လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင် တင်းနစ်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို) ၌ ကျင်းပရာ အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲ-တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ-နှစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီးစားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲ-နှစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးဂိုး -တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို)၌ကျင်းပရာ အမျိုးသား တင်းနစ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမပြိုင်ပွဲရုံ၌ ကျင်းပရာ အမျိုးသား ၇၃ ကီလိုတန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ဝေယံဖြိုးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ရှိုင်းညီညီက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ထွန်းလွင်ငြိမ်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသား ၆၇ ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ထက်ညီညီနိုင်က ပထမ၊ ရခိုင်ပြည်နယ်မှ ဆန်းထက်အောင်က ဒုတိယ၊ မွန်ပြည်နယ်မှ ထွန်းထွန်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၅၅ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ခင်သီတာရွှေက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆုမြတ်မွန်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ သက်မွန်မြင့်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **သတင်းစဉ်**



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ၁၆ဝ စင်တီမီတာအထက် Model Physique ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားမြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ၁၆ဝ စင်တီမီတာအထက် Sports Physique ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်ကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားအလေးမ ဂ၅ ကီလိုတန်း ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ စဇင်ဖြိုးအောင်ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် နေပြည်တော်နှင့်ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်နှစ်ဦး ယှဉ်ပြိုင်ကစားစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများအား လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား အလေးမပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ထွန်းထွန်း ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘိလိယက်/စနူကာပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား အလေးမပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မင်းသန့်နိုင် ယှဉ်ပြိုင်စဉ်။



ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်အားကစားပြိုင်ပွဲများကို လာရောက်ကြည့်ရှုကြသူများအား တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်း ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်း ယှဉ်ပြိုင်နေစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ဒီပြိုင်ပွဲကတော့ တော်တော်လေးပြည့်စုံပါတယ်။ ကစားသမားတွေကိုလည်း မျိုးဆက်သစ်ရွေးဖို့ရည်ရွယ်ထားပြီး တကယ်လက်ရည်ကောင်းတဲ့ ကစားသမားတွေလည်း တော်တော်လေးပါပါတယ်

ဦးဘုန်းမြင့်

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ
အလင်းသစ်၊ လင်းရာမ



ဦးဘုန်းမြင့်



မောင်ဥာဏ်ဝဏ္ဏထွန်း



မောင်ဝေယံဖြိုး



ကိုလင်းအောင်



ဦးနေမျိုးအေး



ကိုဆန်းထက်အောင်

ဦးဘုန်းမြင့်
စားပွဲတင်တင်းနစ်ပြိုင်ပွဲဒိုင်

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်မှာ စားပွဲတင်တင်းနစ်ပြိုင်ပွဲအနေနဲ့ အမျိုးသားအသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲနဲ့ အမျိုးသမီးအသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲတို့ကို ကျင်းပနေတာဖြစ်ပါတယ်။ အမျိုးသား စားပွဲတင်တင်းနစ်ပြိုင်ပွဲမှာ အသင်းပေါင်း ၁၂ သင်း၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲမှာဆိုရင် အသင်းပေါင်း ၁၁ သင်း ပါဝင်တာဖြစ်ပါတယ်။ အမျိုးသား စားပွဲတင်တင်းနစ်ပြိုင်ပွဲမှာ ကစားသမား ၅၉ ဦး၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲမှာ ၅၄ ဦး ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အခုလို ပြိုင်ပွဲကျင်းပနိုင်ဖို့ လွန်ခဲ့တဲ့သုံးလလောက် ကတည်းက ကြိုတင်လေ့ကျင့်ဖို့ ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ အသင်းလိုက်ပြိုင်ပွဲမှာဆိုရင် ငါးပွဲပြတ်နှစ်ယောက်တွဲပါမယ်၊ တစ်ဦးချင်းပါမယ်။ တစ်ဦးချင်းပြိုင်ပွဲ လေးပွဲပါတယ်။ သုံးပွဲနိုင်တဲ့အသင်းက အနိုင်ရမယ်။ အသင်းလိုက်ပြိုင်ပွဲဖြစ်တဲ့အတွက် ပထမအဆင့်ကို ရှုံးထွက်ဖြစ်ပါတယ်။ ပထမအဆင့်မှာ အမျိုးသားအသင်း ၁၂ သင်းပါလို့ သုံးသင်း လေးအုပ်စု ခွဲထားပြီး ဒုတိယအဆင့်ပြီးမှ ကွာတားဖိုင်နယ်ပွဲစဉ်ကစားရမှာဖြစ်ပါတယ်။ အမျိုးသမီးပြိုင်ပွဲမှာ အုပ်စု (၁)မှာသုံးသင်း၊ အုပ်စု (၂)နဲ့ (၃)မှာ လေးသင်း တစ်အုပ်စုခွဲထားပါတယ်။ ဒုတိယအဆင့်ရှုံးထွက်ကို ခြောက်သင်းတက်မှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကတော့ တော်တော်လေးပြည့်စုံပါတယ်။ ကစားသမားတွေကိုလည်း မျိုးဆက်သစ်ရွေးဖို့ ရည်ရွယ်ထားပြီး တကယ်လက်ရည်ကောင်းတဲ့ ကစားသမားတွေလည်း တော်တော်လေးပါပါတယ်။ နောက်နှစ် ဆီးဂိမ်းအတွက်သော်လည်းကောင်း၊ နိုင်ငံတကာပွဲအတွက်သော်လည်းကောင်း ရွေးချယ်မှာဖြစ်လို့ ဒီပြိုင်ပွဲကြီးက အများကြီးအထောက်အကူဖြစ်ပါတယ်။

မောင်ဥာဏ်ဝဏ္ဏထွန်း
အမျိုးသားဘော်လီဘောပြိုင်ပွဲဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြု

ကျွန်တော့်ကို လက်ရှိပဏာမ လူငယ်လက်ရွေးစင်အသင်းမှာ ခေါ်ထားတာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ဇွန်လကတည်းက နေပြည်တော် gold camp မှာ လူငယ်လက်ရွေးစင်အသင်းနဲ့အတူ စခန်းသွင်းလေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ ပြီးတော့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြု ကစားတာပါ။ အရင်တုန်းကတော့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ကစားသမားအနေနဲ့ ကစားခဲ့တာပါ။ အသက် ၂၅ နှစ်အောက် တိုင်းဒေသကြီးနဲ့ပြည်နယ် ပြိုင်ပွဲတွေမှာလည်း ကစားဖူးပါတယ်။ ၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနဲ့ပြည်နယ် အားကစားပြိုင်ပွဲမှာလည်း မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်းနဲ့ တတိယဆုရခဲ့ပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ကစားသမားကောင်းတွေနဲ့လည်း ယှဉ်ပြိုင်ရတယ်။ အတွေ့အကြုံသစ်တွေလည်းရပါတယ်။ ဝါရင့်ကစားသမားတွေနဲ့ ကစားရတဲ့အတွက် သူတို့ဆီက ပညာတွေလည်းရပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ အသက် ၂၅ နှစ်အောက် တိုင်းဒေသကြီးနဲ့ပြည်နယ်မှာ ကစားခဲ့တာဖြစ်ပါတယ်။ ဒီနှစ်ကတော့ အမျိုးသားအားကစားပွဲတော်မှာ အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲမှာ ပါဝင်ကစားခဲ့ရတာဖြစ်ပါတယ်။

မောင်ဝေယံဖြိုး
ရိုးရာခြင်းလုံးပြိုင်ပွဲဝင်
မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု

မြန်မာ့ရိုးရာခြင်းလုံးကို စိတ်ဝင်စားလို့ အသက် ၁၀ နှစ်ကတည်းက စတင်ကစားခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအနေနဲ့ ဒီနှစ်မှာ အောင်မြင်မှုရရှိဖို့ နှစ်လလောက်ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ရိုးရာခြင်းက ကြည့်ရင်တော့လွယ်ပါတယ်။ လွယ်မယောင်နဲ့ခက်တယ်။ တကယ်ခတ်ကြည့်မှသိတယ်။ ပြိုင်ပွဲအတွေ့အကြုံကတော့ ၂၀၁၇ ခုနှစ်က မလေးရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဆီးဂိမ်းပြိုင်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ပြိုင်ပွဲကတော့ ပြီးခဲ့တဲ့နှစ်က စတင်ယှဉ်ပြိုင်ဝင်ခတ်ခဲ့တာပါ။ ပြီးခဲ့တဲ့နှစ်က ကျင်းပတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ပြိုင်ပွဲမှာ မန္တလေး တိုင်းဒေသကြီးအသင်းနဲ့အတူ ဒိုင်းဆုရခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဆီးဂိမ်းမှာ ရွှေနှစ်ခု၊ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပတဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ရခဲ့ပါတယ်။ ဒီနှစ်လည်း ပထမဆုကို မျှော်မှန်းထားပါတယ်။

ကိုလင်းအောင်
ဘိလိယက်ပြိုင်ပွဲဝင်
မကွေးတိုင်းဒေသကြီးကိုယ်စားပြု

ပြီးခဲ့တဲ့ပြည်နယ်နဲ့တိုင်းဒေသကြီး ပြိုင်ပွဲကလည်း ကျင်းပထားတာမကြာသေးတာရယ်၊ အခုအမျိုးသားအားကစားပွဲတော်ဝင်ပြိုင်ဖို့လည်း နှစ်လကျော်ကျော်လောက် ပြင်ဆင်ခဲ့သေးတာရယ်ဆိုတော့ ပြိုင်ပွဲဝင်ရတာ အခက်အခဲမရှိပါဘူး။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအနေနဲ့ ဘိလိယက်အားကစားသမား အနည်းနှစ်ယောက်၊ အများလေးယောက်ပါပါတယ်။ အခုကျွန်တော်တို့ကတော့ ကွာတားဖိုင်နယ်ရောက်သွားပါပြီ။ အပြင်မှာလည်း ပြိုင်ပွဲတွေဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အခြားမြို့နယ်တွေက ဖိတ်ခေါ်ပြိုင်ပွဲတွေလည်း အကြိမ်ကြိမ်ဝင်ထိုးခဲ့ပါတယ်။ ဒီလိုပြိုင်ပွဲတွေများလာတာကတော့ မျိုးဆက်သစ်ကစားသမားတွေအတွက် ကောင်းပါတယ်။ စိတ်မဝင်စားတဲ့ လူငယ်တွေတောင် တော်တော်လေး စိတ်ဝင်စားလာကြတယ်။ အမြို့မြို့အနယ်နယ်တွေကနေ ပြိုင်ပွဲတွေလုပ်တယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွေ၊ အခုလိုအမျိုးသားအားကစားပွဲတော်တွေ ကျင်းပပေးတဲ့အတွက် ဘိလိယက်/စနူကာ အားကစားနည်းကို စိတ်ဝင်စားလာတဲ့လူငယ်တွေ အရင်နဲ့စာရင် သုံးဆလောက် ပိုများလာတာတွေ့ရပါတယ်။

ဦးနေမျိုးအေး
စားပွဲတင်တင်းနစ်အားကစားနည်းပြ
ကချင်ပြည်နယ်ကိုယ်စားပြု

အခု ကချင်ပြည်နယ်ကိုယ်စားပြု အမျိုးသားအားကစားပွဲတော်မှာ အမျိုးသား စားပွဲတင်တင်းနစ်အသင်းရဲ့နည်းပြအဖြစ် တာဝန်ယူနေပါတယ်။ ကျွန်တော်တို့ ဒီအမျိုးသားအားကစားပွဲတော်ကြီးမှာ ကချင်ပြည်နယ်ကိုယ်စားပြု စားပွဲတင်တင်းနစ်အသင်းအနေနဲ့ တော်တော်လေးကြိုးကြိုးစားစားပြင်ဆင်ခဲ့ပါတယ်။ တစ်နှစ်ကျော်ကျော်လောက်ကို ပြင်ဆင်ခဲ့ရတယ်။ ကျွန်တော်တို့ ပြည်နယ်ဘက်ကနည်းပညာပိုင်းအားနည်းတဲ့အတွက် လူမှုကွန်ရက်စာမျက်နှာတွေပေါ်က စားပွဲတင်တင်းနစ်ပြိုင်ပွဲတွေကြည့်ပြီး ပြိုင်ပွဲဝင်တွေအတွက် သေချာပြင်ဆင်ခဲ့ရတာဖြစ်ပါတယ်။ အခု စားပွဲတင်တင်းနစ်ပြိုင်ပွဲမှာ ကချင်ပြည်နယ်အနေနဲ့ အမျိုးသားငါးယောက်၊ အမျိုးသမီးငါးယောက်နဲ့ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အုပ်ချုပ်သူ/နည်းပြ သုံးယောက်အပါအဝင် အားလုံး ၁၃ ယောက်ပါပါတယ်။ စားပွဲတင်တင်းနစ်မှာ ပြိုင်ပွဲအမျိုးအစားခုနစ်မျိုးရှိတာမှာ ကျွန်တော်တို့ ကြိုတင်လေ့ကျင့်ထားတာနဲ့မတူတဲ့ ပြိုင်ပွဲတွေလည်း ပါတာဆိုတော့ ကြိုးစားထားပြီးမှ မကစားရတဲ့ အပိုင်းတွေလည်းရှိပါတယ်။ ပြိုင်ပွဲအမျိုးအစားကတော့ နှစ်ယောက်တွဲတစ်ပွဲတစ်မှတ်၊ တစ်ဦးချင်းတစ်ပွဲတစ်မှတ်၊ နောက်တစ်ဦးချင်း တစ်ပွဲတစ်မှတ် သုံးပွဲနိုင်ရင်အနိုင်ရပါပြီ။ အဲဒါကြောင့် ကြိုးစားပြီး ယှဉ်ပြိုင်နေကြပါတယ်။

ကိုဆန်းထက်အောင်
အမျိုးသားအလေးမပြိုင်ပွဲဝင်
ရခိုင်ပြည်နယ်ကိုယ်စားပြု

အခုယှဉ်ပြိုင်ခဲ့တဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ် အမျိုးသားအလေးမပြိုင်ပွဲမှာ ရွှေတံဆိပ်တော့ ရအောင်မယူနိုင်ခဲ့ပါဘူး။ တတိယနဲ့ပဲ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ အချိန်တိုတိုအတွင်းမှာ လေ့ကျင့်ပြင်ဆင်ရတာဆိုတော့ ပြိုင်ပွဲဝင်တဲ့အချိန်မှာ အခက်အခဲတွေတော့ရှိခဲ့ပါတယ်။ တစ်လကျော်နှစ်လလောက်နဲ့လာပြိုင်တာပါ။ ဒီအလေးမ အားကစားက အချိန်ယူလေ့ကျင့်ပြီးမှ ပြိုင်ပွဲဝင်ရတဲ့ အားကစားနည်းဖြစ်ပါတယ်။ အခု အမျိုးသားအားကစားပွဲတော်မှာ ရခိုင်ပြည်နယ်ကိုယ်စားပြု အလေးမအားကစားပြိုင်ပွဲဝင် ၁၁ ယောက်ပါပါတယ်။ ပြိုင်ပွဲတွေ ကျင်းပပေးတာ ကျေးဇူးတင်ပါတယ်။ မျိုးဆက်သစ်တွေ မွေးထုတ်ပေးတဲ့ပွဲလို့ ပြောရင်လည်းရပါတယ်။ ဒါကြောင့် အခုပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

❍ ကျောဖုံးမှ

လာအိုနိုင်ငံ၌ကျင်းပသည့်ပွဲတွင် လာအိုအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ အုပ်စု(B)တွင် အင်အားအနည်းဆုံးအဖြစ် သတ်မှတ်ခံထားရသည့် လာအိုအသင်းသည် အဖွင့်ပွဲတွင် ဗီယက်နမ်ကို ဂိုးပြတ်အရေးနိမ့်သော်လည်း အင်ဒိုနီးရှားကို အဝေးကွင်းနှင့် ယခုပွဲတွင် အိမ်ကွင်း၌ ဖိလစ်ပိုင်အသင်းတို့ကို နှစ်ပွဲဆက် သရေကစားနိုင်ခဲ့သည်။ ၃၄ မိနစ်တွင် ဖိလစ်ပိုင်အသင်းမှ ဘယ်ဒီဆီမိုကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် လာအိုအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဖိလစ်ပိုင်အသင်းအတွက် ချေပဂိုးကို ၇၇ မိနစ်တွင် ရီယက်စ်က သွင်းယူသည်။

အုပ်စု(B) တတိယနေ့အပြီးတွင် ဗီယက်နမ်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ အင်ဒိုနီးရှားအသင်းက သုံးပွဲကစား လေးမှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား နှစ်မှတ်၊ လာအိုအသင်းက သုံးပွဲကစား နှစ်မှတ်၊ မြန်မာအသင်းက နှစ်ပွဲကစား တစ်မှတ် ရရှိထားသည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-VFF

**ပူနွေးကမ္ဘာ တားဆီးရာ
ဖြေရှာတစ်ခု တောပြုစု။**

လူသားတိုင်းအလိုအပ်ဆုံး အဖိုးတန်ရေကို ချွေတာဖို့လိုသည်

မေယု-မျိုးအောင် (MANA)

ကမ္ဘာ့မြစ်ကြီးများသည် ပြီးခဲ့သည့်နှစ်အတွင်း နှစ်ပေါင်း ၃၀ ကျော်ကာလ၌ အခြောက်သွေ့ဆုံးဖြစ်ခဲ့ကာ ရေခဲတောင်ထွတ်နှင့် ရေခဲမြစ်များသည်လည်း နှစ်ပေါင်း ၅၀ အတွင်း ရေခဲထုအများဆုံး ဆုံးရှုံးခဲ့ပြီး ရေကြီးမှုအရေအတွက်လည်း များပြားခဲ့ကြောင်း ကုလသမဂ္ဂ၏ ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီး (WMO) က ထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်၌ ဖော်ပြထားသည်။ ကမ္ဘာ့လေထုပူပြင်းလာခြင်းသည် ကမ္ဘာ့ရာသီသရာစက်ဝန်းကို ပိုပြီးခန့်မှန်းရခက်ခဲလာစေခဲ့ကြောင်းနှင့် ရေအလွန်များပြားခြင်းနှင့် ရေအလွန်နည်းပါးခြင်းပြဿနာများကို ရင်ဆိုင်လာရကြောင်း WMO အတွင်းရေးမှူးချုပ်က ကမ္ဘာ့ရေအရင်းအမြစ်အခြေအနေ အစီရင်ခံစာထုတ်ပြန်ရာ၌ ပြောကြားခဲ့သည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့် ဖုံးလွှမ်းထားသော်လည်း လူသားများအသုံးပြုနိုင်သော သန့်စင်သည့်ရေပမာဏမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ ကမ္ဘာကြီး၌ ရေအရင်းအမြစ်များ တဖြည်းဖြည်း ယုတ်လျော့လာသည်။ အထူးသဖြင့် ကမ္ဘာ့လူဦးရေတိုးပွားနေခြင်း၊ လူမှုဘဝဖွံ့ဖြိုးလာသဖြင့် ရေသုံးစွဲမှု ပိုမိုများပြားလာခြင်း၊ စီမံခန့်ခွဲမှု အားနည်းသော နိုင်ငံများတွင် ရေပြုန်းတီးမှုများပြားလာခြင်း၊ ရေကိုလိုအပ်သည်ထက် ပိုမိုသုံးစွဲရခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ရေသယံဇာတများ ယုတ်လျော့လာခြင်းတို့မှာ ရေအရင်းအမြစ်များ လျော့ပါးလာခြင်း၏ အကြောင်းရင်းခံများဖြစ်သည်။



မြေအောက်သဘာဝရေလှောင်ကန်များမှ ရေပမာဏ ၂၁၅၀ ဂီဂါတန် ထုတ်ယူခဲ့

ကမ္ဘာတစ်ဝန်းလုံး၌ စိုက်ပျိုးရေးနှင့် သောက်ရေသုံးရေအတွက် မြေအောက်ရေအလွန်အကျွံထုတ်ယူမှုကြောင့် ၁၉၉၃ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အကြား ကာလအပိုင်းအခြားတစ်ခုတည်းမှာပင် ကမ္ဘာ့ဂြိုဟ်ဝင်ရိုးသည် အရှေ့ဘက်သို့ ၂၁ လက်မအထိ ပို၍တိမ်းစောင်းသွားခဲ့ရကြောင်း တောင်ကိုရီးယားနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ ယင်းကာလအတွင်း လူသားများသည် မြေအောက်သဘာဝရေလှောင်ကန်များမှ ရေပမာဏ ၂၁၅၀ ဂီဂါတန် ထုတ်ယူခဲ့ကြောင်း၊ ယင်းပမာဏကို ကမ္ဘာ့သမုဒ္ဒရာရေပြင်အတွင်း ထည့်သွင်းပါက သမုဒ္ဒရာရေမျက်နှာပြင် သုည ဒသမ ၂၄ လက်မ ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့ဝင်ရိုးတိမ်းစောင်းမှုသည် ကမ္ဘာ့ရာသီဥတုဖြစ်စဉ်များအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း သိရသည်။ မြေအောက်ရေဆိုသည်မှာ မြေမျက်နှာပြင်အောက် မြေလွှာရှိ သဲ၊ ကျောက်စရစ်အတွင်း၌သော်လည်းကောင်း၊ ကျောက်လွှာကြားများအတွင်း၌သော်လည်းကောင်း စိမ့်ဝင်ခိုအောင်းနေသောရေဖြစ်သည်။ ကမ္ဘာပေါ်ရှိ သန့်စင်သောရေများတွင် မြေအောက်ရေသည် အများဆုံးနှင့် အသန့်စင်ဆုံးဖြစ်သည်။ သန့်စင်သော မြေပေါ်ရေပမာဏ၏ ၃၀ ရာခိုင်နှုန်းသည် မြေအောက်ရေဖြစ်ကြောင်း သိရသည်။ တစ်နှစ်လျှင် ၈၃ သန်းဝန်းကျင် တိုးပွားနေသည့် ကမ္ဘာ့လူဦးရေ၊ ကျယ်ပြန့်လာသော စနစ်မကျသည့် မြို့ပြဖြစ်ထွန်းမှုများ၊ ရေကို အလွန်အကျွံသုံးစွဲမှု၊ အလယာသဖြူန်းတီးမှုများ အပါအဝင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်တို့က ရေချိုအရင်းအမြစ်များကို ပျက်စီးဆုံးရှုံးစေလျက်ရှိသည်။

မြန်မာနိုင်ငံသည် မြစ်ချောင်းများ၊ အင်းအိုင်များ၊ သဘာဝရေထွက်များ စသည့်ပုံစံအမျိုးမျိုးဖြင့် ရေချိုအရင်းအမြစ်များကြွယ်ဝမှုကြောင့် တစ်ကမ္ဘာလုံး ရေချိုပိုင်ဆိုင်မှု၏ ၁ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ အပူပိုင်းအညာဒေသ မိုးခေါင်ရေရှားသောဒေသ အချို့တွင် နွေရာသီကာလ၌ သောက်သုံးရေရရှိမှု အခက်အခဲရှိနေပြီး ဒေသအချို့လည်း သောက်သုံးရေ မလုံလောက်သည့် ပြဿနာများရှိနေသည်။ အကြောင်းအမျိုးမျိုးဖြင့် ရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးလျက်ရှိသည်။ စနစ်မကျသော မြို့ပြတိုးချဲ့မှုနှင့် မြေအောက်ရေကို အတိုင်းအဆမရှိ ထုတ်ယူနေမှုတို့သည် မြေအောက်ရေအရင်းအမြစ်များကို ထိခိုက်လျက်ရှိသည်။ နိုင်ငံအချို့တွင် မြေအောက်ရေ အလွန်အကျွံထုတ်ယူမှုကြောင့် နေရာဒေသအချို့၌ မြေအောက်ရေအောင်းလွှာမှ ရေထွက်နှုန်း ကျဆင်းလာသည်။ မြေအောက်ရေမျက်နှာပြင်နိမ့်ကျမှုများ ဖြစ်ပေါ်လာသည်။ မြေပေါ်မျက်နှာပြင်နိမ့်ကျသွားခြင်း၊ မြေကျွံကျခြင်းများကို ခံစားလာကြရသည်။ မုတ်တမ်းများအရ တရုတ်နိုင်ငံရှိ ဒေသအချို့တွင် ၁၉၇၀ ပြည့်နှစ်မှစ၍ မြေအောက်ရေမျက်နှာပြင် နိမ့်ကျလာခဲ့ရာ ယနေ့အထိ ပေ ၁၀၀၀ ခန့် နိမ့်ကျသွားကြောင်း သိရသည်။ အာရှမြို့ကြီးများဖြစ်သော ဂျကာတာ၊ ဗန်ကောက်၊ ဒါကာနှင့် မနီလာမြို့ကြီးများ၏ နေရာအချို့သည်လည်း မြေမျက်နှာပြင်နိမ့်ကျမှုများနှင့် ရင်ဆိုင်နေရသည်ဟုဆိုသည်။ မြေအောက်ရေကို အထိန်းအကွပ်မရှိ တူးဖော်သုံးစွဲမှုသည် ကမ္ဘာ့ဂြိုဟ်အပေါ် သက်ရောက်မှုရှိလာသကဲ့သို့ မြေနိမ့်ပိုင်း ကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသော အာရှလူဦးရေ၏ ၅၄ ရာခိုင်နှုန်းကိုလည်း ရိုက်ခတ်လျက်ရှိသည်။

ရေဓာတ် ၆၀ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းထား

လူခန္ဓာကိုယ်သည် ခန့်မှန်းခြေအားဖြင့် ရေဓာတ် ၆၀ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းထားပြီး မှန်ကန်သော ရေဓာတ်ကို ထိန်းသိမ်းထားရန်မှာ ကျန်းမာရေးအတွက် အရေးအကြီးဆုံးဖြစ်သည်။ ရေသည် ဇီဝကမ္မဖြစ်စဉ်များအတွက် ကြားခံအဖြစ်၊ ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးခြင်း၊ အစာခြေခြင်းကို လွယ်ကူချောမွေ့စေပြီး အာဟာရဓာတ်နှင့် အောက်ဆီဂျင်ကို ဆဲလ်များဆီသို့ ပို့ဆောင်ပေးသည်။ ရေဓာတ်မလုံလောက်ခြင်းကြောင့် လူ့ခန္ဓာကိုယ်သည် ရေဓာတ်ခန်းခြောက်ပြီး လူ့အသက်ကို အန္တရာယ်ပြုနိုင်သည်။ ရေသည် စိုက်ပျိုးမွေးမြူရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး လူသားတို့စားဝတ်နေရေး၏ အခြေခံအုတ်မြစ်ဖြစ်နေပြန်သည်။ ကောက်ပဲသီးနှံများစိုက်ပျိုးရန်၊ လူသားများအတွက် မရှိမဖြစ်လိုအပ်သော ပရိတ်သာဓာတ်အရင်းအမြစ်ဖြစ်သည့် မွေးမြူရေးတိရစ္ဆာန်များ မွေးမြူရန်၊ ငါးနှင့် ပင်လယ်စာများ မွေးမြူရန်အတွက် ရေကိုမှီခိုနေရပြီး ဘီလီယံနှင့်ချီသော လူသားများကို စားရေရိက္ခာထောက်ပံ့ပေးလျက်ရှိသည်။ ကျန်းမာသောရေနေဂေဟစနစ်များသည် ရေကိုသန့်စင်စေပြီး ကာဗွန်ကိုစုဆောင်းကာ မရေမတွက်နိုင်သော မျိုးစိတ်များအတွက် နေထိုင်ရာနေရာများကို ထောက်ပံ့ပေးသည်။ ရေအရင်းအမြစ်များ ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးသည် လူသားများ၏ ကျန်းမာရေးအတွက်သာမက ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ကမ္ဘာမြေ၏ ရာသီဥတုတည်ငြိမ်မှုအတွက်လည်း အရေးကြီးသည်။

တရားဝင်လုပ်ကိုင်ခွင့်ရ ရေသန့်လုပ်ငန်းပေါင်း ၄၀၀ နီးပါးရှိ

သန့်ရှင်းသောသောက်သုံးရေဟူသည် အနည်အမှုန်ကင်းရှင်းခြင်း၊ အရောင်အဆင်း၊ အနံ့အရသာကင်းရှင်းခြင်း၊ ကျန်းမာရေးကို ထိခိုက်စေသော ပိုးမွှားများနှင့် ဓာတ်သတ္တုများကင်းရှင်းခြင်း စသော အင်္ဂါရုပ်များနှင့် ပြည့်စုံရမည်ဖြစ်သည်။ သန့်စင်သောသောက်သုံးရေများသည် ဗက်တီးရီးယားပမာဏကို နည်းပါးစေခြင်း၊ ပိုမိုကောင်းမွန်သည့် အရသာကို ပေးအပ်ခြင်း၊ ရောဂါဖြစ်နိုင်ခြေကို လျော့ကျစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေသည်။ လူအများသောက်သုံးနေသော ရေများတွင် သာမန်မျက်စိဖြင့်မမြင်နိုင်သော ရောဂါပိုးများ ပါဝင်နေလေ့ရှိသဖြင့် မသန့်ရှင်းသောသောက်သုံးရေကြောင့် ရောဂါဘယများဖြစ်ပွားနိုင်သည်။ မြန်မာနိုင်ငံတွင် သောက်ရေသန့်ကို သောက်သုံးသည့်အလေ့အထသည် ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းပြီး နောက်ပိုင်းတွင် သိသိသာသာ များပြားလာခဲ့သည်။ နိုင်ငံတစ်ဝန်းတွင် သောက်ရေသန့်ထုတ်လုပ်နေသည့် တရားဝင်လိုင်စင်ရလုပ်ငန်းပေါင်း အများအပြားရှိသည့်အနက် ရန်ကုန်မြို့တော်တစ်ခုတည်းတွင် တရားဝင်လုပ်ကိုင်ခွင့်ရ ရေသန့်လုပ်ငန်းပေါင်း ၄၀၀ နီးပါးရှိကြောင်း သိရသည်။ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ရေသန့်လုပ်ငန်းများ ဈေးကွက်အတွင်း နေရာယူလာမှုကြောင့် တရားဝင်လိုင်စင်ရ ရေသန့်လုပ်ငန်းများ ရေရှည်ရပ်တည်ရန် အခက်အခဲရှိလာသည်။

ရေသန့်ဈေးကွက်တွင် တရားဝင်ရေသန့်လုပ်ငန်းများမှ ရောင်းချသောဈေးနှုန်းမှာ လီတာ ၂၀ ရေသန့်ဘူးကြီး တစ်ဘူးလျှင် ကျပ် ၁၃၀၀ ဝန်းကျင်ဖြစ်သည်။ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ရေသန့်လုပ်ငန်းများမှာ လီတာ ၂၀ ရေသန့်ဘူးကြီးများကို ယင်းပမာဏအောက်လျော့သော ဈေးနှုန်းများဖြင့် ရောင်းချနေသဖြင့် လိုင်စင်ရရေသန့်လုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာခြင်းဖြစ်သည်။ လက်ရှိတွင် တရားဝင်ရေသန့်စက်ရုံများအနေဖြင့် အသုံးပြုရသော ကုန်ကြမ်းပစ္စည်းများ ဈေးနှုန်းမြင့်လာခြင်း၊ လျှပ်စစ်မီးမမှန်သဖြင့် လောင်စာဆီ ဝယ်ယူအသုံးပြုနေရခြင်း၊ လောင်စာဆီရရှိရန် ခက်ခဲလာခြင်း စသည့်အခြေအနေအရပ်ရပ်တို့ကြောင့် ထုတ်လုပ်မှုစရိတ် မြင့်တက်လာသည်။ အချို့သော ရေသန့်စက်ရုံများမှာ ရပ်နားသွားသည်အထိ ဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။ သောက်ရေသန့်ထုတ်လုပ်မှုလုပ်ငန်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ခွင့်ပြုချက်ဖြင့်သာ ထုတ်လုပ်ရသည်။ စာမျက်နှာ ၁၈ သို့ ❐

“ လူခန္ဓာကိုယ်သည် ခန့်မှန်းခြေအားဖြင့် ရေဓာတ် ၆၀ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းထားပြီး မှန်ကန်သောရေဓာတ်ကို ထိန်းသိမ်းထားရန်မှာ ကျန်းမာရေးအတွက် အရေးအကြီးဆုံးဖြစ်သည်။ ရေသည် ဇီဝကမ္မဖြစ်စဉ်များအတွက် ကြားခံအဖြစ်၊ ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးခြင်း၊ အစာခြေခြင်းကို လွယ်ကူချောမွေ့စေပြီး အာဟာရဓာတ်နှင့် အောက်ဆီဂျင်ကို ဆဲလ်များဆီသို့ ပို့ဆောင်ပေးသည်။ ရေဓာတ်မလုံလောက်ခြင်းကြောင့် လူ့ခန္ဓာကိုယ်သည် ရေဓာတ်ခန်းခြောက်ပြီး လူ့အသက်ကို အန္တရာယ်ပြုနိုင်သည်။ ရေသည် စိုက်ပျိုးမွေးမြူရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး လူသားတို့စားဝတ်နေရေး၏ အခြေခံအုတ်မြစ်ဖြစ်နေပြန်သည်။ ကောက်ပဲသီးနှံများစိုက်ပျိုးရန်၊ လူသားများအတွက် မရှိမဖြစ်လိုအပ်သော ပရိတ်သာဓာတ်အရင်းအမြစ်ဖြစ်သည့် မွေးမြူရေးတိရစ္ဆာန်များ မွေးမြူရန်၊ ငါးနှင့် ပင်လယ်စာများ မွေးမြူရန်အတွက် ရေကိုမှီခိုနေရပြီး ဘီလီယံနှင့်ချီသော လူသားများကို စားရေရိက္ခာထောက်ပံ့ပေးလျက်ရှိ ”

မုဒုံမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မုဒုံ ဒီဇင်ဘာ ၁၅

မွန်ပြည်နယ် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသမီးနှင့်ကလေးဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် ကျေးလက်နေပြည်သူများအား (အခမဲ့) ကွင်းဆင်းဆေးကုသပေးခြင်းကို ယနေ့နံနက် ၈ နာရီက မုဒုံမြို့နယ် ကော့ခပုံကျေးရွာရှိ အထက (ခွဲ)၌ ဆောင်ရွက်သည်။

ကြည့်ရှုအားပေး

ထိုသို့ကွင်းဆင်းဆေးကုသပေးနေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အထူးကုဆရာဝန်ကြီးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ပြည်သူ ၃၁၂ ဦးအား ကုသပေးခဲ့

ကွင်းဆင်းဆေးကုသပေးရာတွင် ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိုရ်စိုး ဦးဆောင်၍ ခွဲစိတ်၊ အရိုး၊ ဆေးပညာ၊ မျက်စိ၊ နား/နှာခေါင်း/လည်ချောင်း၊ အရေပြား၊ သွားနှင့်ခံတွင်း၊ ဓာတ်မှန်၊ သားဖွားမီးယပ်၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ သက်ဆိုင်ရာလက်ထောက်ဆရာဝန်များ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်၊ သူနာပြုဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက မုဒုံမြို့နယ် ကော့ခပုံကျေးရွာအနီးရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူ ၃၁၂ ဦးအား ကျန်းမာရေးစောင့်ရှောက်ကုသပေးခဲ့ကြောင်း သိရသည်။ **အောင်မျိုးသူ (ပြန်/ဆက်)**



(၅၆)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

(၅၆)ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးဆောင်ခန်းမ၌ နေပြည်တော်ကောင်စီနယ်မြေ နွေစပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် စပါးမျိုးသစ်များအကြောင်း ခေါင်းစဉ်ဖြင့် ကျင်းပသည်။

ပြောကြား

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ အချိန်နှင့်ငွေကြေး အကုန်အကျခံကာ သုတေသနပြုဆောင်ရွက်ထားရှိသော စပါးမျိုးသစ်များကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးဦးစီးဌာန တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက နေပြည်တော်၏ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်များ၊ နေပြည်တော်ကောင်စီနယ်မြေ နွေစပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် စပါးမျိုးသစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တောင်သူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးသည်။

ယနေ့ကျင်းပသည့် (၅၆)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သုတေသီများ၊ စိုက်ပျိုးပညာပေးပညာရှင်များ၊ လယ်ဝေးမြို့နယ်မှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများက Zoom point ၆၈ point မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❐ စာမျက်နှာ ၁၇ မှ

နိုင်ငံတစ်ဝန်းတွင် သောက်ရေသန့်ထုတ်လုပ်နေသည့် လိုင်စင်ရလုပ်ငန်းပေါင်း အများအပြားရှိသော်လည်း အချို့သောရေသန့်လုပ်ငန်းများသည် ကာလကြာရှည်လာသည်နှင့်အမျှ သတ်မှတ်ထားသော ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအပေါ် ချိုးဖောက်လုပ်ဆောင်မှုများရှိလာသည်။ သက်ဆိုင်ရာက စိစစ်နိုင်မှုအားနည်းသဖြင့် တစ်နိုင်တစ်ပိုင် အိမ်တွင်းထုတ် တရားမဝင်သောက်ရေသန့်များကို အလွယ်တကူ ထုတ်လုပ်လာကြသည့် အနေအထားအထိ ဖြစ်ပေါ်လာသည်။

သန့်ရှင်းသောသောက်ရေသန့်များ လူတိုင်းသုံးစွဲနိုင်ရေးသည် ကျန်းမာသောဘဝတစ်ခု တည်ဆောက်ရာ၌ မရှိမဖြစ် လိုအပ်ချက်များဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက ၂၀၀၇ ခုနှစ်တွင် ကောက်ယူခဲ့သည့်စာရင်းအရ လက်ရှိတွင် မြန်မာနိုင်ငံ လူဦးရေ၏ ၈၂ ရာခိုင်နှုန်းသာ သန့်ရှင်းသည့် ရေကို သောက်သုံးနေရကြောင်း သိရသည်။ ရေသန့်စက်ရုံများနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ စည်းကမ်းဖောက်ဖျက်မှုရှိပါက ထိရောက်စွာ အရေးယူခြင်းတို့ကို အလေးထားလုပ်ဆောင်ရန် လိုအပ်နေသည်။ သန့်ရှင်းသောသောက်သုံးရေရရှိရေးသည် မြို့ပြများ၏ တိုးတက်မှုအတွက် အရေးပါသောအချက်ဖြစ်လာသည်။ ရေပေးဝေမှုနှင့် မိလ္လာစနစ်များ အပါအဝင် ခေတ်မီမြို့ပြ အခြေခံအဆောက်အအုံများကို တိုးချဲ့တည်ဆောက်ခဲ့ပြီး လူဦးရေလိုအပ်ချက်များကို ဖြည့်ဆည်းခဲ့ကြသည်။ ဆယ်စုနှစ်များအတွင်း ရေအရင်းအမြစ်များပေါ်ရှိ လူတို့လုပ်ဆောင်မှုများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို သတိပြုမိလာခဲ့သည်။

လေထုညစ်ညမ်းမှု၊ အလွန်အကျွံသုံးစွဲမှုနှင့် နေထိုင်ရာများကို ဖျက်ဆီးခြင်းသည် ရေနေဂေဟစနစ်နှင့် သန့်ရှင်းသောရေရရှိနိုင်မှုကို ခြိမ်းခြောက်လျက်ရှိသည်။ သန့်ရှင်းပြီး ဘေးကင်းသော သောက်သုံးရေရရှိရေးသည် ကမ္ဘာလုံးဆိုင်ရာ အရေးပါသော ပြဿနာတစ်ရပ်ဖြစ်နေဆဲဖြစ်သည်။ သန်းနှင့်ချီသောလူများသည် အခြေခံမလွှာနှင့် ဘေးကင်းသော ရေအရင်းအမြစ်များကို လက်လှမ်းမမီနိုင်သေး။ ရေရှားပါးမှုကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ရေရှည်တည်တံ့သော ရေစီမံခန့်ခွဲမှုသေချာစေရေးတို့သည် ၂၁ ရာစုအတွက် အရေးကြီးသော စိန်ခေါ်မှုများဖြစ်လာသည်။ ကမ္ဘာ့လူဦးရေ၏ ၉၅ ရာခိုင်နှုန်းခန့် စားသုံးသော အစားအစာများသည် မြေဆီလွှာနှင့် ရေအရင်းအမြစ်များအပေါ်တွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ မှီခိုနေသည်။ ကမ္ဘာ့လူဦးရေအတွက် ရေရှည်တည်တံ့၍ ယုံကြည်စိတ်ချရသော အစားအစာထောက်ပံ့မှု သေချာစေရန် ရေရှည်တည်တံ့သော မြေဆီလွှာလုပ်ဆောင်မှုသည် မရှိမဖြစ်လိုအပ်သည်။ အနာဂတ် စားရေရိက္ခာထုတ်လုပ်မှုအတွက် မြေဆီလွှာနှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းမှာ အရေးပါပြီး မြေဆီလွှာကျန်းမာရေးနှင့် ရေရရှိနိုင်မှုကို ထိန်းသိမ်းရန်အတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်များ လိုအပ်သည်။

စိုက်ပျိုးရေးကဏ္ဍသည် ကမ္ဘာ့ရေချိုသုံးစွဲမှု၏ ၇၂ ရာခိုင်နှုန်းကို သုံးစွဲသည်။ ကောက်ပဲသီးနှံကြီးထွားမှုနှင့် အစားအစာထွက်ရှိမှု ရေရှည်တည်တံ့စေရန် အဓိကအသုံးပြုသည်။ ခန့်မှန်းခြေအားဖြင့် ရေချိုး၏ ၁၆ ရာခိုင်နှုန်းမှာ အိမ်တွင်းအသုံးပြုမှုနှင့် စည်ပင်ရေပေးဝေမှုကဲ့သို့သော အိမ်ထောင်စုများနှင့် ဝန်ဆောင်မှုများအတွက် သုံးစွဲသည်။ သောက်သုံးရေ၊ မိလ္လာစနစ်နှင့် နေ့စဉ်လုပ်ငန်းဆောင်တာများ ပါဝင်သည်။ ရေချိုး၏ ၁၂ ရာခိုင်နှုန်းကို စက်မှုလုပ်ငန်း အမျိုးမျိုးက ၎င်းတို့၏ လုပ်ငန်းစဉ်များနှင့် လည်ပတ်ဆောင်ရွက်မှုများအတွက် အသုံးချသည်။ လက်ရှိတွင် လူဦးရေ ၂ ဒသမ ၄ ဘီလီယံသည် ရေရှားပါးသည့်နိုင်ငံများ၌ နေထိုင်ကြပြီး ခန့်မှန်းခြေအားဖြင့် ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသည် ရေရှားပါးမှုဆိုးရွားသောနိုင်ငံများတွင် နေထိုင်ကြသည်။ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ စားရေရိက္ခာဖူလုံရေးနှင့် အလုံးစုံကျန်းမာရေးမှာ သိသာထင်ရှားသော ရေရှားပါးမှု၏ ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုပင် ဖြစ်သည်။ ကုလသမဂ္ဂအစီရင်ခံစာနှင့် ယူနက်စကိုမှ ရေဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာများအပါအဝင် အရင်းအမြစ်အမျိုးမျိုးအရ ကမ္ဘာ့ရေဆိုးများ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ သန့်စင်ခြင်းမပြုဘဲ ပတ်ဝန်းကျင်သို့ စွန့်ပစ်သည်။ သန့်စင်မထားသော ရေဆိုးများသည် သဘာဝရေထုများကို ညစ်ညမ်းစေပြီး ရေထုညစ်ညမ်းမှုနှင့် ရောဂါများ ပြန့်ပွားစေသည်။ ရေနေဂေဟစနစ်ကိုလည်း ထိခိုက်စေပြီး ရပ်ရွာများအတွက် သန့်ရှင်းသောရေရရှိမှုကို ထိခိုက်စေနိုင်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ညံ့ဖျင်းသော မိလ္လာအခြေခံအဆောက်အအုံများသည် မသန့်စင်သော ရေဆိုးများကို စွန့်ထုတ်ရာတွင် အထောက်အကူဖြစ်စေပြီး အဆိုပါပြဿနာများကို ပိုမိုဆိုးရွားစေသည်။ ရေဆိုးသန့်စင်ရေးအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရန်၊ သင့်လျော်သော မိလ္လာအလေ့အကျင့်များ အကောင်အထည်ဖော်ခြင်းနှင့် စွန့်ပစ်ခြင်းမပြုမီ ရေဆိုးသန့်စင်ခြင်း၏ အရေးကြီးပုံကို အသိပညာပေးခြင်းတို့သည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စိန်ခေါ်မှုများပင်ဖြစ်သည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ သုတေသနလေ့လာမှုများအပါအဝင် အရင်းအမြစ်များစွာအရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့စိုက်ပျိုးရေးလိုအပ်ချက်သည် ၃၅ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားသည်။ စိုက်ပျိုးရေးလိုအပ်ချက်တိုးလာခြင်းသည် ကမ္ဘာ့ရေအရင်းအမြစ်နှင့် စိုက်ပျိုးရေးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သိသာထင်ရှားသော စိန်ခေါ်မှုဖြစ်သည်။ ကမ္ဘာပေါ်တွင် မိုတင်းနေထိုင်ကြသော လူသားများအနေဖြင့် ကမ္ဘာကြီးအစဉ်တည်တံ့ရှင်သန်ရေးကို အလေးဂရုမပြုကြပါက ကာလတစ်ခုတွင် ပျက်စီးဆုံးရှုံးမှုများစွာဖြင့် ရင်ဆိုင်ရမည်သာဖြစ်သည်။

ရေသယံဇာတအရင်းအမြစ်များ ယုတ်လျော့မှုသည် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း၊ စိမ်းလန်းစိုပြည်မှုနည်းပါးလာခြင်း၊ သစ်ပင်သစ်တောများပြုန်းတီးခြင်း စသည့်သဘာဝဝန်းကျင် ပျက်စီးယိုယွင်းမှုများနှင့် ဆက်စပ်နေသဖြင့် အပြန်အလှန်သက်ရောက်မှုများကို ခံစားနေကြရခြင်းဖြစ်သည်။ အဖိုးတန်ရေအရင်းအမြစ်ကာကွယ်ရေးကို အမြော်အမြင်ရှိရှိ အစီအစဉ်ဆွဲရန် ပျက်ကွက်ခဲ့သောနိုင်ငံသည် အမြင်တိုမှုကြောင့် ခန်းခြောက်ယုတ်လျော့ကိန်း ကြုံရပေလိမ့်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ



မိုးကောင်းဆုတောင်းပြည့်စေတီတော် (၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်လှူပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက်ရှိ မိုးကောင်းဆုတောင်းပြည့်ဘုရား ရင်ပြင်တော်၌ ယနေ့မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အဆိုပါ (၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မိုးကောင်းဆုတောင်းပြည့်ဘုရား ရင်ပြင်တစ်လျှောက်၌ လောင်းလှူခဲ့ရာ ရန်ကင်းမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော် ၁၀၈ ပါးနှင့် သီလရှင်များအား သဃ်နံးကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများက သတ်မှတ်နေရာများတွင် ဆွမ်းဆန်စိမ်းများ၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

ညောင်လေးပင်မြို့၌ စာဆိုတော်နေ့အခမ်းအနားကျင်းပ

ညောင်လေးပင် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံ စာရေးဆရာအသင်း ညောင်လေးပင်မြို့နယ်မှ ကြီးမှူးကျင်းပသော နှစ်(၈၀)ပြည့် စာဆိုတော်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ဦးစွာ မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)မှ အလုပ်အမှုဆောင် ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌက ပေးပို့သော ၁၃၈၆ ခုနှစ် စာဆိုတော်နေ့ သဝဏ်လွှာကိုစာရေးဆရာမလှမြတ်နွယ် (ညောင်လေးပင်)က ဖတ်ကြားသည်။ ဆက်လက်၍ စာပေရေးရာများကို ဆရာကြီး ဒေါက်တာလှသောင်း(ဘဏ်)က စုတူပြုမှာ မြန်မာဝေါဟာရတွေ ကွယ်ပျောက်မှာ စိုးကြောက်မိပါတယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာကြီး ဒေါက်တာကိုဦး(လင်းသစ္စာ)က ကျွန်တော်နဲ့ဇာတိရွာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြပြီး ဆရာမလှမြတ်နွယ် (ညောင်လေးပင်)က စာဆိုပညာရှင်ကြီးတစ်ဦး၏ အတ္ထုပ္ပတ္တိနှင့်ကဗျာကို လည်းကောင်း၊ စာရေးဆရာ ဆရာမများက ကဗျာများကို လည်းကောင်း ရွတ်ဆိုကြသည်။ ယင်းနောက် စေတနာရှင်အလှူရှင် မြို့မိ မြို့ဖများက အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆရာကြီးဒေါက်တာမြင့်သန်း (ညောင်လေးပင်)က လက်ခံရယူခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)



၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(တတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ(တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များ အလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ ကမ်ရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ် အားကစားကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ် စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ လမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌ လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်း လမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီး အနီး၌ လည်းကောင်း ကျင်းပကြသည်။



အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/ တပ်ဖွဲ့ မှူးများနှင့် အရာရှိ စစ်သည် မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

■

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲ ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်းထမ်းဟောင်းများ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်း နာယကများ၊ ဒုတိယဥက္ကဋ္ဌများ၊ အသင်းသူ အသင်းသားများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အသင်းဒုတိယဥက္ကဋ္ဌ(၁) ဒေါ်သန္တာခင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်မှု Video Clip ကို ပြသသည်။

ထို့နောက် အသင်းနာယက အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဝဏ္ဏကျော်ထင် ဦးခင်မောင်ဌေးက နိဒါန်းပြောကြားပြီး ဦးစွာ အသင်းဒုတိယဥက္ကဋ္ဌ(၁) ဒေါ်သန္တာခင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်မှု Video Clip ကို ပြသသည်။

ထို့နောက် အသင်းနာယက အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဝဏ္ဏကျော်ထင် ဦးခင်မောင်ဌေးက နိဒါန်းပြောကြားပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်မှု Video Clip ကို ပြသသည်။

ယင်းနောက် အသင်းရန်ပုံငွေအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်(ကိုယ်စား)ညွှန်ကြားရေးမှူး(ရန်ကုန်ရုံး)တာဝန်ခံ ဒေါ်လိန်းမောင်ပန်က အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ အသင်းနာယကများက အသင်းသို့ လစဉ်အလှူငွေများ လှူဒါန်းလျက်ရှိသည့် ဂုဏ်ထူးဆောင် အလှူရှင်နှင့် အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ကာ အသင်းပြန်ကြားရေးမှူး ဦးကျော်ရှိန်က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အသင်းကို ၂၀၁၂ ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့ပြီး ဝန်းထမ်းဟောင်းများ အချင်းချင်းထိတွေ့ဆုံစည်းမှုရရှိစေရန်၊ နာမကျန်းဖြစ်သည့် ဝန်ထမ်းဟောင်းများအား လူမှုရေး၊ကျန်းမာရေးဆိုင်ရာ အကူအညီများ ပေးအပ်ရန်၊ အခြားလူမှုရေးဆိုင်ရာ ပရဟိတလုပ်ငန်းများ စုပေါင်းဆောင်ရွက်နိုင်ရန်နှင့် မိခင်ဌာနနှင့် အဆက်မပြတ်စေဘဲ ဌာန၏လှုပ်ရှားမှုများတွင် လိုအပ်သလို ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ASEAN Cup ပြိုင်ပွဲ လက်ကျန်ပွဲနှစ်ပွဲ၌ မြန်မာအသင်းတွင် ကစားသမားအချို့ ပါဝင်လာမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

၂၀၂၄ ASEAN Cup ပြိုင်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင် အသင်းတွင် အုပ်စုလက်ကျန်နှစ်ပွဲ၌ ကစားသမားအချို့ ပါဝင်လာမည်ဖြစ်သည်။

ပြန်လည်ပါဝင်လာမည်

ဒီဇင်ဘာ ၉ ရက်တွင် ယှဉ်ပြိုင်ကစားသည့် အင်ဒိုနီးရှားနှင့် အိမ်ကွင်းပွဲ၊ ဒီဇင်ဘာ ၁၂ ရက်တွင် ယှဉ်ပြိုင်ကစားသည့် ဖိလစ်ပိုင်နှင့် အဝေးကွင်းပွဲတို့တွင် ဒဏ်ရာကြောင့်လွဲချော်ခဲ့သည့် နောက်ခံလူ စိုးမိုးကျော်၊ ကလပ်အသင်းက မစေလွှတ်သဖြင့် လွဲချော်ခဲ့သည့် ထိုင်းလိဂ်-၁ ကလပ် ချင်းရိုင်ယူနိုက်တက်အသင်း တိုက်စစ်မှူး ဝင်းနိုင်ထွန်းတို့ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

ဝင်းနိုင်ထွန်းသည် ဒီဇင်ဘာ ၁၆ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်ပြီး လာအို၊ ဗီယက်နမ်တို့နှင့်ပွဲများတွင် ပါဝင်ကစားနိုင်မည်ဖြစ်သည်။ ပြိုင်ပွဲစတင်ခါနီး ရက်ပိုင်းအလိုတွင် ဒဏ်ရာရပြီး မြန်မာအသင်း ပွဲစဉ်အချို့နှင့် လွဲချော်ခဲ့သည့် နောက်ခံလူ စိုးမိုးကျော်မှာမူ အသင်းတွင် ပြန်လည်လေ့ကျင့်နေပြီဖြစ်ပြီး လာအိုအသင်းနှင့်ပွဲတွင် ပါဝင်ကစားနိုင်ဖွယ်ရှိသည်။ သို့သော် ကွင်းလယ်ကစားသမား ဝေလင်းအောင်မှာမူ ပွဲပယ်ပြစ်ဒဏ်ကြောင့် လာအိုနှင့်ပွဲ လွဲချော်မည်ဖြစ်သည်။

ယှဉ်ပြိုင်ကစားရမည်

မြန်မာအသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ကိုညီလေး

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ်ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနလ်ာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

သချိုင်း — ပါမောက္ခ ဒေါက်တာမိမိ(မန္တလေးတက္ကသိုလ်)

၉ - ၁၂ - ၂၀၂၄ ရက်နေ့မှအဆက်-

၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 သချိုင်းဘာသာရပ် မေးခွန်းတွင် စုစုပေါင်းမေးခွန်းပုဒ်ရေ (၃၈)ပုဒ် ပါရှိပါတယ်။ Section A, Section B, Section C, နှင့် Section D ဆိုပြီး အပိုင်း(၄) ပိုင်း **အမှတ် (၁၀၀) ဖိုး** ပါရှိကာ မေးခွန်း အားလုံးကို ဖြေဆိုရမှာ ဖြစ်ပါတယ်။

Section A တွင် မေးခွန်းနံပါတ် (၁) မှ (၁၀) အထိဖြစ်ပြီး တစ်ပုဒ် (၁) မှတ် ပေးထားပါတယ်။ တစ်ပုဒ်လျှင် A, B, C, တို့မှ တစ်ခုရွေးချယ်ရမယ့် ဓမ္မဓိဋ္ဌာန်ပုံစံဖြစ်ပါတယ်။

Section B တွင် မေးခွန်းနံပါတ် (၁၁) မှ (၂၀) အထိဖြစ်ပြီး တစ်ပုဒ် (၂) မှတ်ပေးထားပါတယ်။ **တွက်ချက်မှု အဆင့်ဆင့်ကို ရေးပြရန်မလိုအပ်ဘဲ အဖြေကိုသာ ရေးရမယ့်ပုံစံဖြစ်ပါတယ်။**

Section C တွင် မေးခွန်းနံပါတ် (၂၁) မှ (၃၀) အထိဖြစ်ပြီး တစ်ပုဒ် (၃) မှတ်ပေးထားပါတယ်။ **တွက်ချက်မှုအဆင့်ဆင့်ကို စနစ်တကျရေးပြရန် လိုအပ်ပါတယ်။** Section A, B, C ကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်ပါက **အမှတ် (၆၀) ဖိုး**ရရှိမှာ ဖြစ်ပါတယ်။

Section (A)

(Each question carries 1 marks.)

Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer.

1. If $z = 1-2i$, then the value of z^2+2z+1 is
   A. 8i B. -8i C. $\frac{1}{8}i$ D. $-\frac{1}{8}i$
2. The multiplicative inverse of $z \aleph(r, \ ) \ (2,\frac{\pi}{2})$ is
   A.2 B. 2i C. $\frac{1}{2}$ D. $\frac{1}{2}i$
3. The value of i^{16m-4}, where **m** is a natural number, is
   A. i B. -i C. 1 D. -1
4. If $z_1 = 2z_2$, where $z_1 = 2x+3yi$ and $z_2 = 4+3i$, the value of x and y are
   A. $x=2$ and $y=4$ B. $x=-2$ and $y=4$
   C. $x=4$ and $y=2$ D. $x=-4$ and $y=2$
5. If $z = (r,\theta) = (2,\pi)$ and $z = (r,\theta) = (2,-)$, the value of the conjugate of $\frac{z_2}{z_1}$ is
   B. i B. -i C. 1 D. -1

Answer Keys

(1) B (2) B (3) C (4) C (5) A

Section (B)

(Each question carries 2 marks.)

Write only the solution of each question. (There is no need to show your working.)

1. Given that $z_1 = (\frac{3}{4},\frac{\pi}{6})$ and $z_2 = (\frac{7}{8},\frac{\pi}{3})$, find $\frac{z_1}{z_2}$.
2. Evaluate for $i^n + i^{n+1} + i^{n+2} + i^{n+3}$ for every positive integer n.
3. Express the trigonometric form of i^5.
4. Find the conjugate of $w = \frac{-1+3i}{2-i}$.
5. Given that $z = -\frac{1}{3}i$, express the trigonometric form of z^{-1}.

Answer Keys

(1) $\frac{z_1}{z_2} = \frac{3\sqrt{3}}{7} - \frac{3}{7}i$.

(2) The value of $i^n + i^{n+1} + i^{n+2} + i^{n+3} = 0$.

(3) $i^5 = \cos\frac{5\pi}{2} + i\sin\frac{5\pi}{2}$ or $i^5 = \cos\frac{\pi}{2} + i\sin\frac{\pi}{2}$.

(4) $\bar{w} = -1-i$. (5) $z^{-1} = 3(\cos\frac{\pi}{2} + i\sin\frac{\pi}{2})$.

Section (C)

(Each question carries 3 marks.)

1. Show that the points (1,0,2), (2, 1,0), (-1,0,2) and (-1,0, -2) lie on the same sphere with center at origin.
2. Find the value of P such that the lines $\frac{4-x}{6} = \frac{7y+14}{2p} = \frac{z-5}{-4}$ and $\frac{7+7x}{p} = \frac{y-1}{2} = \frac{z-4}{-2}$ are perpendicular to each other.
3. Given that $\vec{a}$ and $\vec{b}$ are two vectors of equal magnitude such that $(3\vec{a}+\vec{b})$ is perpendicular to $(\vec{a}-3\vec{b})$, prove that $\vec{a}$ and $\vec{b}$ are perpendicular.

Answer Keys

(1) Solution

Let A = (1,0,3), B = (2,1,0), C= (-1,0,2), D = (-1,0,-2)

Let O be the origin.

$OA = \sqrt{(1-0)^2+(0-0)^2+(2-0)^2} = \sqrt{5}$

$OB = \sqrt{(2-0)^2+(1-0)^2+(0-0)^2} = \sqrt{5}$

$OC = \sqrt{(-1-0)^2+(0-0)^2+(2-0)^2} = \sqrt{5}$

$OD = \sqrt{(-1-0)^2+(0-0)^2+(-2-0)^2} = \sqrt{5}$

Since A,B,C and D are at the same distance from the origin they all lie on the sphere with center at origin and radius $\sqrt{5}$.

(2) Solution

$L_1 = \frac{x-4}{-6} = \frac{y+2}{2p/7} = \frac{z-5}{-4}$ and

$L_2 = \frac{x+1}{p/7} = \frac{y-1}{2} = \frac{z-4}{-2}$

Directed values of the line L_1 are $\langle -6, \frac{2p}{7}, -4 \rangle$.

Directed values of the line L_2 are $\langle \frac{p}{7}, 2, -2 \rangle$.

Since the two lines are perpendicular,

$(-6)(\frac{p}{7}) + (\frac{2p}{7})(2) + (-4)(-2) = 0$

$-\frac{6p}{7} + \frac{4p}{7} + 8 = 0$

$\frac{2p}{7} = 8$

$p = 28$.

(3) Solution

$(3\vec{a}+\vec{b})\cdot(\vec{a}-3\vec{b}) = 0$ (perpendicular)

$3\vec{a}\cdot\vec{a} - 9\vec{a}\cdot\vec{b} + \vec{b}\cdot\vec{a} - 3\vec{b}\cdot\vec{b} = 0$

$3|\vec{a}|^2 - 3|\vec{b}|^2 - 8\vec{a}\cdot\vec{b} = 0$

$-8\vec{a}\cdot\vec{b} = 0 \quad (\because |\vec{a}| = |\vec{b}|)$

$\vec{a}\cdot\vec{b} = 0$

$\therefore \vec{a}$ and $\vec{b}$ are perpendicular .

ရူပဗေဒ — ပါမောက္ခဒေါက်တာထွဋ် (ရန်ကုန်တက္ကသိုလ်)

၉ - ၁၂ - ၂၀၂၄ ရက်နေ့မှအဆက်-

၂၀၂၄-၂၀၂၅ပညာသင်နှစ် Grade-12 ရူပဗေဒဘာသာရပ် ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများသည် Section (A) နှင့် Section (B) ဟူ၍ အပိုင်း(၂)ပိုင်း အမှတ် (၁၀၀)ဖိုး ဖြေဆိုရမည်။

Section(A) Answer All Questions မှာ အမှတ်(၄၀) ဖိုး ပေးထား ပြီး (၄၀) မှတ်ဖိုး ဖြေဆိုရမှာဖြစ်သည့်အတွက် Chapter အားလုံး (Chapter 1 to Chapter 13) ထိ ကြည့်မှတ်ရန်လိုပါသည်။

CHAPTER (10)

Electrical Energy, Power and Heating Effect of Electric Current

I. Are the following statements TRUE (or) FALSE?

(1) Batteries and generators are called the sources of electromotive forces.

(2) Emf is a scalar quantity.

(3) The sources of electromotive forces convert energy from some other forms into electrical form.

(4) A source of electromotive force has a positive terminal and a negative terminal.

(5) Electromotive force is the amount of energy provided by the battery per unit charge to move round the complete circuit.

II. Fill in the blanks.

(1) A source of electromotive force has an ..... resistance.

(2) ..... connections involve connecting two or more batteries together to increase the voltage (emf) of the battery system.

(3) When batteries are connected in ....., the capacity will increase.

(4) Electrical energy is energy associated with the flow of ..... through any part of circuit.

(5) The practical unit of electrical energy is .....

III. Choose the correct answer from the following.

(1) A battery converts ..... energy into electrical energy to provide electrical power.
(A. mechanical, B. electrical, C. chemical)

(2) In an electric generator, mechanical energy is converted into ..... energy.
(A. mechanical, B. electrical, C. chemical)

(3) Electromotive force is measured in unit of .....
(A. ampere, B. watt, C. volt)

(4) In charging a battery, the potential difference between the terminals is equal to .....
(A. E + I r, B. E – I r, C. E)

(5) In discharging a battery, the potential difference between the terminals is equal to .....
(A. E + I r, B. E – I r, C. E)

Answer Keys

I. (1) True (2) True (3) True (4) True (5) True

II. (1) internal (2) Series aiding (3) parallel (4) charge (5) kilowatt hour (kWh)

III. (1) C (2) B (3) C (4) A (5) B

အင်္ဂလိပ်စာ — ဆရာ ဦးဆန်း

၂၅ - ၁၂ - ၂၀၂၄ ရက်နေ့မှအဆက်-

အခြေခံပညာ အင်္ဂလိပ်စာဘာသာရပ်ကို ဖော်ပြရာတွင် စာမေးပွဲကြီး နီးလာပြီဖြစ်သည့်အတွက် "လွယ်ကူလေ့လာ အင်္ဂလိပ်စာ" Grade-4 မှ Grade-12 အထိ တန်းစဉ် လေ့ကျင့်ခန်း များအား စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ဖော်ပြလိုက်ပါသည်။

Grade-9 Unit -10

I. Supply the correct form of the verbs given in brackets. (5 marks)

1. The snow monkeys ..... (**show**) different facial expressions all year.
2. The monkeys ..... (**live**) in a natural habitat in Nagano.
3. They ..... (**bathe**) in hot springs during the winter months.
4. Jigokudani Park ..... (**open**) in 1964.
5. Many tourists ..... (**visit**) the park each year.
6. Iceland ..... (**offer**) a prime location for viewing the aurora.
7. The northern lights ..... (**depend**) on solar wind activity.
8. Tourists ..... (**hope**) to see the lights when the sky is clear.
9. Many people ..... (**download**) apps to get a northern lights forecast.
10. Viewing the aurora ..... (**create**) unforgettable memories.
11. The lights often ..... (**appear**) in shades of green, pink, or purple.
12. During a tour, visitors ..... (**start**) their day at the monkey park.
13. After visiting the park, they ..... (**enjoy**) a warm winter lunch.
14. The yacht ..... (**provide**) comfortable lounge areas for viewing.
15. Many people ..... (**travel**) to Iceland to see the aurora borealis.

Answer Keys

I. 1. show 2. live 3. bathe 4. opened
5. visit 6. offers 7. depend 8. hope
9. download 10. creates 11. appear 12. start
13. enjoy 14. provides 15. travel

Grade-10 Unit -10

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. Any f..... or v..... that is not fresh is not good for us.
2. Any f..... or m..... that is not fresh is not good for us.
3. Food that makes us s..... is not good for us.
4. Certain foods can cause f..... allergies.
5. Certain types of seafood can make us v..... after eating them.
6. Wrong combinations of food can cause p..... and even death.
7. Preserved foods like c..... beef and c..... sardines are not advisable.
8. Artificially flavored f..... juices often contain additives and c.....
9. Some f..... use chemical fertilizers and pesticides.
10. The g ..... we eat can contain traces of fertilizers and pesticides.
11. "Food safety" means food that is s..... to eat.
12. Food must be hygienically p..... from production to our table.
13. Fresh v..... and f..... should have minimal pesticides.
14. Many countries have a F..... and D..... Administration.
15. We should eat only w..... meat or fish.

Answer Keys

I. 1. fruit, vegetable 2. fish, meat 3. sick
4. food 5. vomit 6. poisoning
7. corned, canned 8. fruit, colorants
9. farmers 10. grains 11. safe
12. prepared 13. vegetables, fruits
14. Food, Drug 15. well-cooked

Grade-11 Unit -10

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. Sleep is a natural state of r.....
2. During sleep, there is reduced body m..... and decreased awareness.
3. Sleep can be interrupted by external s .....
4. The exact purpose of sleep remains a m.....
5. Researchers have made strides in understanding s..... disorders.
6. Young school-aged children are recommended to sleep 9 ..... hours a night.
7. Teenagers should sleep 8..... hours per night.
8. Young adults are recommended to sleep 7..... hours a night.
9. Older adults should aim for 7..... hours of sleep.
10. People who sleep less than they need to experience s.....
11. Insomnia is a condition of not being able to s.....
12. Irregular sleep deprivation is not considered a serious p.....
13. Continuous sleep deprivation can pose s..... problems.
14. Sleep debt can accumulate from going to bed l.....
15. Waking up repeatedly during the n..... can lead to sleep deprivation.

Answer Keys

I. 1. rest 2. movement 3. stimulation
4. mystery 5. sleep 6. 9 to 11
7. 8 to 10 8. 7 to 9 9. 7 to 8
10. sleep deprivation
11. sleep 12. problem 13. serious
14. late 15. night

Grade-12 Unit -10

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. An interpretation of human communication is complex due to the fact that more than one m..... can be conveyed by a single utterance.
2. Non-verbal features such as style and c..... of clothes can subtly convey information about a person's personality.
3. In the 21st century, communication skills are regarded as a vital l..... skill.
4. Effective communication is important in our social dealings both within the family as well as with friends, acquaintances, and s.....
5. Good communication skills are required by many jobs, especially those that relate to dealing with the p.....
6. The higher the position of a person, the more e..... he or she will need in communication.
7. In Myanmar, effective communication, including the ability to use a foreign language, has risen to the f..... of skills in demand.
8. Young people in cities often spend more time on their cell phones than talking with o.....
9. Parents should begin teaching their children to use more p....., language as they grow older.
10. The goals of schools and universities should include the promotion of effective c.....
11. Communication skills can be taught as part of the Myanmar and English language c.....
12. One prerequisite for developing communication skills is overcoming shyness, brevity, and reluctance to t.....
13. It is important to be aware of the audience's age, gender, job, and s..... to adjust one's language style.
14. Communication should be r..... to the topic being discussed to maintain audience attention.
15. Using appropriate tone of voice and b..... language enhances the interest of the audience.

Answer Keys

I. 1. meaning 2. color 3. life
4. strangers 5. public 6. expertise
7. forefront 8. others 9. polite
10. communication 11. courses 12. talk
13. status 14. relevant 15. body

အခြေခံပညာ ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုသဖြင့်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

အနာဂတ်ရိက္ခာနှင့် နောက်ကွယ်မှ နည်းပညာ



နီဇော်သစ်

ပြီးခဲ့သည့် သင်္ကြန်တွင်းလောက်က Blood Free ဆိုသည့် ကိုရီးယား ဒရာမာဇာတ်လမ်းတွဲ တစ်ပုဒ်ကြည့်ဖြစ်သည်။ ဇာတ်လမ်းထဲမှ မင်းသမီး ဦးဆောင်သည့် Blood Free ကုမ္ပဏီမှာ အသားတုထုတ်လုပ်သည့် ကုမ္ပဏီဟုဆိုနိုင်သည်။ သို့သော် ကျွန်တော်တို့သိထားသည့် အသားတုများကဲ့သို့ သစ်ဥသစ်ဖုများနှင့် လုပ်ထားသည့် အသားတုမျိုးမဟုတ်။ ဇီဝနည်းပညာသုံးပြီး ဓာတ်ခွဲခန်းထဲတွင် ဖန်တီးထားသည့် အသားတုများ၊ အသက်ဇီဝကို ဖျက်ဆီးခြင်း မရှိသော်လည်း သက်ရှိဖြစ်စဉ်အတိုင်း ဖန်တီးထားသည့် အသားတုများဖြစ်သည်။ မင်းသမီးက အမဲဖျက်ထားသော အသားများကို စားစရာမလိုတော့ဟု ကြွေးကြော်သည်။

ဇာတ်လမ်းမှာ ကိုရီးယားဒရာမာတို့ ထုံးစံအတိုင်း နိုင်ငံ့ထိပ်ဆုံးပိုင်းအထိ အာဏာနှင့် စည်းစိမ်လုပ္ပါများဖြင့် စိတ်ဝင်စားစရာကောင်းအောင် ခင်းကျင်းထားသည်။ ထိုဇာတ်ကားကို ကြည့်စဉ်က နည်းပညာများနှင့် အလှမ်းဝေးသော အရပ်ဒေသတွင် နေထိုင်သူ၊ ယနေ့ခေတ်အခေါ် တောသားတစ်ယောက်ပီပီ ကိုရီးယားတွေတော်တော်စိတ်ကူးယဉ်နိုင်တာပဲဟု ထိုနည်းပညာအပေါ် တွေးမိ၏။

စိတ်ကူးယဉ်မဟုတ်... လက်တွေ့

သို့သော် နောက်ပိုင်း မိုက်ခရိုဆော့ဖ်စီအီးအို မူစတာဖာ ဆူလီမန်၏ The Coming Wave စာအုပ်ကို ဖတ်မိပြီး ပတ်ဝန်းကျင်ကို လေ့လာကြည့်သည့်အခါမှ “ဒါ စိတ်ကူးယဉ်မဟုတ်ဘူး၊ တကယ်ဖြစ်နေတာဟာ” ဆိုပြီး အထိတ်တလန့် ဖြစ်ရသည်။ ဓာတ်ခွဲခန်းထုတ် အသားများ (lab grown meats) သည် ကမ္ဘာကို တော်တော်လေး ထိုးဖောက်နေပြီ။ သူ့ကို ဖြစ်စေသည့် ဇီဝအတုနည်းပညာဟု ဆိုနိုင်သော Synthetic Biology သည် အရှိန်ရနေပြီဖြစ်သည့် အပြင် ကြောက်သူကပင် ကြောက်နေကြပြီ။ ကျွန်တော်တို့ ထိုအကြောင်းများနှင့် မထိတွေ့နိုင်သေး။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ဩစတြေးလျမှ တက်လာသည့် သတင်းတစ်ပုဒ်မှာ စိတ်ဝင်စားစရာကောင်းသည်။ ဩစတြေးလျ-နယူးဇီလန် အစားအစာ စံနှုန်းသတ်မှတ်မှုအဖွဲ့က ဆဲလ်ပြုပြင်နည်းဖြင့်ပြုလုပ်ထားသော ငုံးသားများကို စားစရာအဖြစ် ခွင့်ပြုနိုင်ရန် ဩစတြေးလျ-နယူးဇီလန် အစားအစာစံနှုန်း ဥပဒေကို ပြင်ဆင်ရန် ပြည်သူများထံမှ အကြံဉာဏ်တောင်းသည့် သတင်းဖြစ်သည်။ ယင်းမှာ ဩစတြေးလျတွင် ပထမဆုံးထုတ်လုပ်မည့် ဓာတ်ခွဲခန်းထုတ်အသား။ စံနှုန်းအဖွဲ့က အတည်ပြုရန် လုပ်ငန်းစဉ်မှာ တစ်နှစ်ခန့် ကြာဦးမည်ဆို၏။ သို့သော် ဓာတ်ခွဲခန်းထုတ် အသားများကို အတည်ပြုပေးထားသည့် နိုင်ငံများ ရှိနေပြီ။

အရင်ဆုံး အသိအမှတ်ပြုသည်က စင်ကာပူ။ ၂၀၂၀ ပြည့်နှစ်တွင် အသိအမှတ်ပြုသည်။ နောက် အမေရိကန် ပြည်ထောင်စုနှင့် အစ္စရေး။ သူတို့က ၂၀၂၃ ခုနှစ်တွင် အသိအမှတ်ပြုသည်။ နောက်ဆုံး အတည်ပြုထားသည့် နိုင်ငံက ဖြိတိန်။ ယခုနှစ် ဇူလိုင်လတွင်မှ အတည်ပြုထားခြင်း ဖြစ်သည်။ အီတလီက ဖရန့်ကင်စတိုင်းဟု အမည်တပ်ပြီး လုံးဝပိတ်ပင်ထားသည်။ အခြားအီးယူနိုင်ငံများက လှုပ်ရှားမှု နည်းသေး၏။ ယခု ဩစတြေးလျက အတည်ပြုနိုင်ရန် ကြိုးစားနေပြီ။ အမေရိကရှိ အချို့ ပြည်နယ်များက အသိအမှတ်ပြုသော်လည်း အသား၊ အမဲသားဟု တံဆိပ်တပ်ခြင်းကိုမူ ခွင့်မပြု။ အချို့နိုင်ငံများတွင် တရားဝင် အတည်ပြု၊ မပြု သတ်မှတ်ခြင်းမရှိသေးသည့်တိုင် ဈေးထဲသို့ ရောက်နေကြသည်လည်း ရှိသည်။

တိုးပွားနေသော စီးပွားရေးနယ်ပယ်

မည်သို့ဆိုစေ ဓာတ်ခွဲခန်းထုတ် အသားများ သို့မဟုတ် ဇီဝနည်းပညာအသားတုများသည် ခြေကုပ်တစ်ခုယူထားနိုင်ပြီ။ ယမန်နှစ်က အထိ ဈေးကွက်တန်ဖိုး အမေရိကန် ဒေါ်လာ ၂၇၂ ဒသမ ၄ သန်း ရှိနေပြီး ၂၀၃၄ ခုနှစ်တွင် ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းထားကြသည်။ တိုးပွားနေသော စီးပွားရေးနယ်ပယ်တစ်ခုပင်။ ရှေ့ဆက်ကြည့်လျှင် ၂၀၅၀ ပြည့်နှစ်၌ ဒေါ်လာ ၂၂၉ ဘီလီယံ ရှိလာမည်ဟု ခန့်မှန်းထားသည်။ ထိုစီးပွားရေးနှင့် ထိုနည်းပညာ ခန့်မှန်းထားသည့် အတိုင်း တိုးတက်ဖြစ်ထွန်းရန် အတွက် အခြားနည်းပညာများ ကဲ့သို့ပင် လူထု၏ဆန္ဒ တစ်နည်းအားဖြင့် ဝယ်လိုအားက အဓိကကျမည်သာ။ အထူးသဖြင့် ဩစတြေးလျကဲ့သို့ ဒီမိုကရေစီနိုင်ငံမျိုးတွင် လူထုဆန္ဒ အရင်တောင်းခံနေရသည်ကိုကြည့်လျှင် သိနိုင်သည်။

လူထုဆန္ဒမှာ တကယ်ဘေးကင်း သည်ဆိုလျှင် ရှေ့ကပြောခဲ့သလို “အမဲဖျက်စရာ မလိုသည့် အသားများ စားရမည်” ဆိုသည့် စကားနှင့်ပင် သေချာပေါက် ပါလာကြလိမ့်မည်။ သို့သော် နိုင်ငံရေး၊ စီးပွားရေး လူမလိုင်ကြီးများကိုမူ ထိုစကား လောက်နှင့် ဆွဲဆောင်နိုင်မည် မဟုတ်။ Blood Free ဇာတ်ကား ထဲမှ မင်းသမီးက သူ့ကုမ္ပဏီမှ အကြီးအကဲ တစ်ယောက်ကို “သူတို့က အမဲဖျက်တာ မဖျက်တာ အရေးထားတာမဟုတ်ဘူး။ နွားတစ်ကောင်မွေးတာဟာ ကားတစ်စီးထက်ပိုပြီး ကာဗွန် ထုတ်လွှတ်မှု များတယ်ဆိုပြီး သဘာဝပတ်ဝန်းကျင်ဘက်ကနေ လှည့်ပြီးတော့ ဆွဲဆောင်ရတာ” ဟု ပြောပြနေသည်ကို တွေ့ရသည်။ ထိုအချက်မှာလည်း အမှန်ပင်။ ထို့ကြောင့် အသားတု လုပ်ငန်းများက အထက်ပါ နှစ်ချက် အပြင် စားရေရိက္ခာဖူလုံစေပြီး ဝတ်မွတ်မှုများ ပပျောက်စေမည်၊ ကျန်းမာရေးနှင့် ပိုမိုကိုက်ညီသော အသားကို ရွေးချယ်နိုင်မည်၊ တိရစ္ဆာန်များမှဖြစ်သော ကူးစက် ရောဂါများမှ ကင်းဝေးစေမည်ဆိုသည့် ခေါင်းစဉ်များနှင့် ဆွဲဆောင်နေကြခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ဒဏ် အလူးအလဲခံခဲ့ရသော၊ ယခုလည်း ဘာမှန်းသိပ်မသိသေးသည့် နိုရိုဗိုင်းရပ်စ်၏ ခြိမ်းခြောက်မှု ခံနေရသော ကျွန်တော်တို့ မျိုးဆက်အတွက် ဆွဲဆောင်မှုကောင်းများ ဖြစ်နိုင်ပါသည်။

ဆင့်ကဲတိုးတက်လာခြင်း

ဓာတ်ခွဲခန်းထုတ် အသားများသည် ဇီဝအတုနည်းပညာဟု ဆိုနိုင်သည့် Synthetic Biology ခေါင်းစဉ်အောက် တည့်တည့်တွင် ရှိသည်။ ထိုနည်းပညာသည် တစ်ချိန်က ခေတ်စားခဲ့သော မျိုးဗီဇပြုပြင်သည့် နည်းပညာ (Genetic Engineering)ထက် ပိုမိုကျယ်ပြန့်ပြီး နက်ရှိုင်းသည်။ ဇီဝနည်းပညာ (Biotechnology) နယ်ပယ်ထဲတွင် ပါဝင်သည်။ ဒီအင်နှအေ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း တိုးတက်လာရာမှ ပေါ်ပေါက်လာသည့် နည်းပညာဟု ဆိုနိုင်သည်။ ကျွန်တော်တို့သည် ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ဒီအင်နှအေ တို့ကို စတင်တွေ့ရှိသည်။ ဒီအင်နှအေတို့သည် သတင်းအချက်အလက်များသိမ်းဆည်းထားသည့် ဇီဝနည်းပညာ ဖြစ်သည်ဟု သဘောပေါက် သွားချိန်တွင် ဒီအင်နှအေ သင်္ကေတများကို ဖြေထုတ်ပြီး ဖတ်နိုင်လာသည်။ ၁၉၇၀ ပြည့်လွန် နှစ်များတွင် ဒီအင်နှအေများကို သက်ရှိတစ်မျိုးမှ နောက်တစ်မျိုးသို့ ကူးပြောင်းပေးလာနိုင်သည်။ ယင်းမှာ မျိုးဗီဇ နည်းပညာခေတ်ဖြစ်သည်။

၂၀၀၃ ခုနှစ် အိမ်ဖြူတော်ပွဲတစ်ပွဲတွင် ၉၂ ရာခိုင်နှုန်းသော လူသားမျိုးဗီဇကို ချိတ်ဆက်နိုင်ပြီဖြစ်ပြီး အသက်ဇီဝ၏ လျှို့ဝှက် သင်္ကေတမှာ ယခုအခါ ဘွားဘွားကြီးပေါ်လာပြီဟု ကြေညာခဲ့ခြင်းမှာ သမိုင်းမှတ်တိုင်တစ်ခုပင်။ ယခုအချိန်တွင်မူ ထိုနည်းပညာများသည် ပေါ်ခါစကထက် ကုန်ကျစရိတ် အဆပေါင်း သန်းနှင့်ချီ၍ ကျဆင်းသွားပြီဖြစ်သလို သုံးရလည်း ပိုလွယ်လာသည်။ 23andMe လိုမျိုး ဝန်ဆောင်မှုလုပ်ငန်းများသည် လူတစ်ဦးတစ်ယောက်ချင်းစီအတွက် ဒီအင်နှအေ မှတ်တမ်းတင်ခြင်းကို ဒေါ်လာ ရာဂဏန်း အနည်းငယ်ဖြင့် လုပ်ပေးနေပြီဖြစ်သည်။

အကောင်းနှင့် အဆိုး

ထို့ထက် ပိုဆန်းသည်မှာ CRISPR မျိုးဗီဇ တည်းဖြတ်ခြင်း (Clustered Regularly Interspaced Short Palindromic Repeats)ဖြစ်သည်။ စာသားများ၊ ကွန်ပျူတာကုဒ်များကဲ့သို့ပင် မျိုးဗီဇများကို ကျွန်တော်တို့ တည်းဖြတ်နိုင်ကြောင်း သက်သေပြသည့် နည်းပညာ။ ဖိုင်ဇာ၊ မိုဒါးနားစသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖော်ထုတ်ရာတွင် ထိုနည်းပညာ ပါဝင်သည်။ ဆားစ် ကာကွယ်ဆေး တွင်လည်း ပါဝင်သည်။ ဆေးဝါး ထုတ်လုပ်ရေး၊ ရောဂါရှာဖွေရေး နှင့် ကုသရေးတို့တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ စိုက်ပျိုးမွေးမြူရေးတွင်လည်း ပိုးမွှားများကို တိုက်ဖျက်ရာတွင် ပါဝင်နေသည်။

သို့သော် ...

မူစတာဖာ ဆူလီမန်က ကိုဗစ်-၁၉ မတိုင်မီ သူတက်ခဲ့ရသော ဇီဝနည်းပညာ တံခါးပိတ်ဆွေးနွေးပွဲတစ်ခုမှ သိလာရသည့် ထိတ်လန့်ဖွယ်ရာ သတင်းစကားတစ်ခုကို ယခုလို ရေးပြထားသည်။

“မကြာမီ အချိန်အတွင်းမှာ လူတချို့က သဘာဝမှာ တွေ့ရတာထက် ပိုကူးစက်လွယ်ပြီး သေစေနိုင်တဲ့ ရောဂါပိုးမွှားတွေကို ဖန်တီးနိုင်တော့မယ်။ အဲဒီပိုးမွှားအတွေက ရှိပြီးသားကာကွယ်ရေးနည်းလမ်းတွေကို ကျော်လွှားနိုင်မယ်။ ရောဂါလက္ခဏာမပြဘဲ ပျံ့နှံ့နိုင်တယ်။ ကုသမှုတွေကို ခုခံနိုင်မယ်။ ဘယ်သူမဆို လုပ်ချင်ရင် ဒီအင်နှအေ အိမ်တွင်း စမ်းသပ်ပစ္စည်းတွေကို အွန်လိုင်းကမှာပြီး အိမ်မှာပဲ ဖန်တီးနိုင်တယ်။ မေးလ်နဲ့မှာလို့ရတဲ့ ကမ္ဘာပျက်ကိန်းပေါ့။”

ယင်းမှာ သိပ္ပံစိတ်ကူးယဉ် ဇာတ်လမ်းမဟုတ်။ တင်ပြသူမှာ ဆယ်စုနှစ် နှစ်ခုကျော် အတွေ့အကြုံရှိသော လေးစားရသည့် ပါမောက္ခကြီး တစ်ယောက်။ ပစ္စုပ္ပန်တွင် ကြုံနေရသည့် အသက်ဘေးဖြစ်သည်ဟုလည်း သူကဆိုသည်။ ထုံးစံအတိုင်းပင် နည်းပညာတစ်ခု၏ ကောင်းကျိုးကိုလိုလားလျှင် ဆိုးကျိုးအတွက်လည်း ပြင်ဆင်ထားရမည်ဖြစ်သည်။

Ref: https://www.beefcentral.com/news/feedback-sought-on-application-to- allow-lab- grown-meat-inaustralia/
https:// www. market-sandmarkets. com/Market-Reports/
https://www.globenewswire.com/newsrelease/2024/11/05/2974675/28124/en/Cultured-Meat-Market-Trends

ဆီးကျိတ်ကင်ဆာကြီးထွားမှုကို နှေးစေနိုင်သော အစားအစာသုံးမျိုး သိပ္ပံပညာရှင်များ တွေ့ရှိ



ငါး၊ သံလွင်ဆီနှင့် သစ်ကြားသီးတို့ကို များများစားပေးပြီး အာလူးကြော်၊ ဘီစကွတ်နှင့် မယိုးနိစ်တို့ကို ချင့်ချင့်ချိန်ချိန် စားသုံးခြင်းသည် အစောပိုင်း အဆင့် ဆီးကျိတ်ကင်ဆာကြီးထွားမှုကို နှေးစေနိုင်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။

လက်ရှိ ဆီးကျိတ်ကင်ဆာ ဝေဒနာရှင်တို့ကို အဆက်မပြတ်စောင့်ကြည့်ခဲ့သော လေ့လာမှုအသစ်တစ်ခုက သာမန်အစား အသောက် ပြောင်းလဲလိုက်ရုံဖြင့် ဆီးကျိတ်ကင်ဆာကြီးထွားနှုန်းကို ရပ်တန့်နိုင်လောက်သည်အထိ အကျိုးဖြစ်စေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုကုသနည်းမှာ ကင်ဆာအကျိတ်ကို ချက်ချင်းခွဲထုတ်ခြင်းမျိုး မလုပ်ဘဲ ပုံမှန်စောင့်ကြည့်ကုသသည့် နည်းလမ်းတစ်ခုဖြစ်သည်။

ကယ်လီဖိုးနီးယား တက္ကသိုလ် လေ့ာ်အိန်ဂျလိစ်မှ ဆီးလမ်းကြောင်းဆိုင်ရာ ပါမောက္ခ ဒေါက်တာ ဝီလျံအရွှန်ဆင်က “ဒါက ဆီးကျိတ်ကင်ဆာအပေါ် အစားအသောက်က ဘယ်လိုသက်ရောက်မှုရှိလဲဆိုတာကို နားလည်နိုင်ဖို့ အရေးကြီးတဲ့ ခြေလှမ်းတစ်ခုပါ။ ကင်ဆာဖြစ်တဲ့ လူတော်တော်များများက သူတို့ရဲ့ စားသောက်နေထိုင်မှုပုံစံကို ပြောင်းပြီး သူတို့ရောဂါ တိုးမလာအောင် လုပ်ချင်ကြပါတယ်”ဟု ဆိုသည်။

အန္တရာယ်နည်းသည့် ဆီးကျိတ်ကင်ဆာဖြစ်သူ တော်တော်များများသည် ခွဲစိတ်ကုသရန်၊ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုတို့ထက် စောင့်ကြည့်လေ့လာကုသမှုတို့ကို ပိုမိုလိုလားကြသည်။ သို့သော် ပြီးခဲ့သည့် ငါးနှစ်အတွင်း ထိုကဲ့သို့ ဝေဒနာရှင် တစ်ဝက်ကျော်မှာ ခွဲစိတ်ကုသမှု၊ ဓာတ်ရောင်ခြည်ကုထုံးတို့ခံယူခဲ့ကြရသည်။

“ကျွန်တော်တို့ရဲ့ တွေ့ရှိမှုက အစားအသောက်ကို ရိုးရိုးရှင်းရှင်း ထိန်းညှိလိုက်တာဟာ ကင်ဆာကြီးထွားမှုကို နှေးသွားစေပြီး ကြီးကြီးမားမားလုပ်စရာမလိုခင် အချိန်ကို ဆွဲဆန့်နိုင်စေပါတယ်” ဟု ဒေါက်တာအရွှန်ဆင်က ထပ်လောင်းပြောကြားသည်။ **Ref: DailyMail**

လာအိုနှင့်ထိုင်းနိုင်ငံတို့မှ ဆေးဘက်ဆိုင်ရာပညာရှင်များ ပထမဆုံး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုအောင်မြင်

လာအို ဒီဇင်ဘာ ၁၅

လာအိုနှင့်ထိုင်းနိုင်ငံတို့မှ ဆေးဘက်ဆိုင်ရာပညာရှင်များက ပထမဆုံး ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု အောင်မြင်ခြင်းသည် လာအိုနှင့် ထိုင်းနိုင်ငံရှိ ဆေးရုံများအကြား ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာသည်။

လာအိုနိုင်ငံရှိ Mittaphab ဆေးရုံနှင့် ထိုင်းနိုင်ငံရှိ Ramathibodi ဆေးရုံတို့သည် လာအိုနိုင်ငံ၏ ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုများဖြစ်သည့် ကျောက်ကပ်အစားထိုးကုသမှုများတွင် ပူးတွဲအလုပ်ရုံဆွေးနွေးပွဲများ၊ လေ့ကျင့်မှုများနှင့် အဆင့်မြင့်နည်းပညာများကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

ကျောက်ကပ်အစားထိုးကုသမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အဆင့်နှစ်ဆင့်ခွဲထားပြီး ပထမအဆင့်တွင် ကျောက်ကပ်အလှူရှင်နှင့်လက်ခံသူတို့ကို စစ်ဆေးအကဲဖြတ်ခြင်း၊ ကိုယ်ခံအားဆေး၊ ခွဲစိတ်ပြီးကုသခြင်း၊ ပိုးဝင်ခြင်းတို့ကို ကျွမ်းကျင်စွာ ကုသဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်မှုများကို ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ခဲ့သည်။

Mittaphab ဆေးရုံနှင့် Ramathibodi ဆေးရုံတို့ ပူးပေါင်း၍ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါကြောင့် ကျောက်ကပ်ရောဂါခံစားနေရသော အသက် ၄၉ နှစ် အရွယ် အမျိုးသားတစ်ဦးအား ကျောက်ကပ်အစားထိုး ကုသမှုလုပ်ငန်းစဉ် ဒုတိယအဆင့်အဖြစ် ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါလူနာအား ၎င်း၏ အသက် ၁၈ နှစ်အရွယ် သမီးထံမှ ကျောက်ကပ်ကို အစားထိုးကုသပေးခဲ့ခြင်းဖြစ်သည်။

ပထမဆုံး ကျောက်ကပ်အစားထိုးခွဲစိတ်မှု အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းသည် လာအိုနှင့် ထိုင်းနိုင်ငံကြား ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ဒေသတွင်း ခေတ်မီသော ကျန်းမာရေးစောင့်ရှောက်မှုများအတွက်လည်း မီးမောင်းထိုးပြခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်





အင်ဒိုနီးရှားနိုင်ငံ၌ စက်မှုဇုန် တိုးချဲ့ဖွင့်လှစ်

ဂျကာတာ ဒီဇင်ဘာ ၁၅

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံအလယ်ပိုင်း ဂျာဗားပြည်နယ်ရှိ ဟက်တာ ၄၃၀၀ ကျယ်ဝန်းသော PT Kawasan Industri Terpadu Batang (KITB) စက်မှုဇုန်၌ ဒီဇင်ဘာ ၁၃ ရက်တွင် စီးပွားရေးလုပ်ငန်းဇုန်နှင့် လူနေအိမ်ဇုန်သစ်များကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုဖွင့်လှစ်ခဲ့သည့် စီးပွားရေးဇုန်နှင့် လူနေအိမ်ဇုန်များသည် ဟိုတယ်များ၊ ပညာရေးဇုန်များ၊ ဓာတ်ဆီဆိုင်များ၊ ဂေါက်ကွင်းများနှင့် လူနေရပ်ကွက်များကဲ့သို့သော ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်း တစ်ရပ်ဖြစ်ကြောင်း စက်မှုဇုန်တာဝန်ရှိသူ အင်နှဂူဝါ ဝီယာဝမ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယခုကဲ့သို့ စက်မှုဇုန်တိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ စက်မှုဇုန်အား ရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့်အလမ်းများနှင့် အလားအလာများကို ဖြည့်ဆည်းပေးသည့် နေရာတစ်ခုအဖြစ် တိုးချဲ့လိုကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

လွန်ခဲ့သည့်လေးနှစ်အတွင်းက ၎င်းစက်မှုဇုန်သည် စုစုပေါင်းစက်မှုဥယျာဉ်ဧရိယာ၏ ၃၃၉ ဟက်တာကို ရောင်းချခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ရူပီယား ၁၈ ဒသမ ၇ ထရီလီယံ ရရှိခဲ့သည်။ ၎င်းစက်မှုဇုန်တွင် နေထိုင်သူများသည် အင်ဒိုနီးရှား၊ ချိုလီနှင့် ဂျပန်တို့ကဲ့သို့ နိုင်ငံအသီးသီးမှ လာရောက်သူများဖြစ်ကာ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများလည်း နေထိုင်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

၎င်းစက်မှုဇုန်ကို အရှေ့တောင်အာရှဒေသတွင် ထိပ်တန်းစက်မှုဇုန်တစ်ခု ဖြစ်လာစေလိုကြောင်း ၎င်းက ပြောသည်။

ကိုးကား–ဆင်ဟွာ

ဘာသာပြန် –စိုးသူရ

သီရိလင်္ကာနိုင်ငံက ဘဏ္ဍာရေးအရ ဆိုင်းငံ့ထားသော အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း ၁၇၉ ခုကို အကောင်အထည်ဖော်ဆောင်ရွက်

ကိုလံဘို ဒီဇင်ဘာ ၁၅

သီရိလင်္ကာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံ ကျော်တန်ဖိုးရှိသည့် ဘဏ္ဍာရေးအရဆိုင်းငံ့ထားသော အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု (PPP) စီမံကိန်း ၁၇၉ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ စီမံကိန်းအများစုသည် လျှပ်စစ်နှင့် ဆိပ်ကမ်းကဏ္ဍများတွင်ဖြစ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။ စီမံကိန်း ၁၆၂ ခုသည် လျှပ်စစ်ကဏ္ဍနှင့်သက်ဆိုင်ပြီး ငါးခုမှာဆိပ်ကမ်းနှင့် ပတ်သက်သည့်စီမံကိန်းများဖြစ်သည်။

အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် ဆိပ်ကမ်းလည်ပတ်မှု၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်ကိုမြှင့်တင်ရာတွင် အဓိကကျပြီး နိုင်ငံ၏ ဆိပ်ကမ်းအသွားအလာ ၇၀ ရာခိုင်နှုန်းခန့်ကို စီမံခန့်ခွဲပေးလျက်ရှိသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ၂၅ ရာခိုင်နှုန်းခန့်ကို အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများမှတစ်ဆင့် ရရှိခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

သီရိလင်္ကာရှိ ဘဏ္ဍာရေးအရ ပိတ်ထားသော အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအများစုသည် ဆက်လက်လည်ပတ်လျက်ရှိကြောင်းနှင့် စီမံကိန်းသုံးခုကိုသာ ဖျက်သိမ်းခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါကူးစက်ခံရသူ လေးဦးအား စစ်ဆေးတွေ့ရှိ

အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၁၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခန်ဘာပတ်ထောင်ခွာနှင့် တောင်ပိုင်း ဆင်းဒ်ပြည်နယ်တို့တွင် ပိုလီယိုရောဂါကူးစက်ခံရသူ လေးဦးအား ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ယခုနှစ်အစပိုင်းမှစပြီး ရောဂါကူးစက်ခံရသူ ၆၃ ဦးအထိ ရှိလာကြောင်း ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် သတင်းထုတ်ပြန်သည်။

အတည်ပြု

အဆိုပါပြည်နယ်များရှိ တင့်ခ်၊ ဒီရာ အစ္စမေးခန်း၊ ဂျာကိုဘာဘတ်နှင့် ဆူကာခရိုင်တို့မှ တစ်ဦးစီ စစ်ဆေးတွေ့ရှိကြောင်း ဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

အသက်ငါးနှစ်အောက် ကလေးများအားလုံးအတွက် ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်းသည် ရောဂါကူးစက်မှုကို ကာကွယ်စောင့်ရှောက်ရန် မရှိမဖြစ်လိုအပ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

မော်လ်ဒိုက်နိုင်ငံတွင် အီလက်ထရွန်နစ်စီးကရက် သုံးစွဲခြင်း၊ ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကိုပိတ်ပင်

မာလီ ဒီဇင်ဘာ ၁၅

မော်လ်ဒိုက်နိုင်ငံတွင် အီလက်ထရွန်နစ်စီးကရက်သုံးစွဲခြင်း၊ ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို ဒီဇင်ဘာ ၁၄ ရက်မှ စတင်၍ ပိတ်ပင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မကြာသေးမီက ဆေးလိပ်ထိန်းချုပ်ရေးအက်ဥပဒေဆိုင်ရာ အချက်အလက်များကို ပြင်ဆင်ခဲ့ပြီးနောက် ၎င်းအက်ဥပဒေကို ဥပဒေအဖြစ် သမ္မတမိုဟာမက်မီဇူးက နိုဝင်ဘာ ၁၃ ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ ၎င်းဥပဒေအရ နိုင်ငံအတွင်း အီလက်ထရွန်နစ်စီးကရက်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်းတို့သည် တရားမဝင်ကြောင်း ပြဋ္ဌာန်းထားသည်။

အကယ်၍ ၎င်းဥပဒေအရ ပြစ်မှုကျူးလွန်ပါက မော်လ်ဒိုက်ငွေ ရူဖီယာ ငါးသောင်း ပေးဆောင်ရမည်ဖြစ်သည်။

ကိုးကား –ဆင်ဟွာ

ဘာသာပြန် –စိုးသူရ



ပလတ်စတစ်ညစ်ညမ်းမှုနှင့် ယနေ့ကမ္ဘာ

စိုးသူရ

ကမ္ဘာပေါ်တွင် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲမှုများပြားလာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကျန်းမာရေးပြဿနာများ အများအပြား ဖြစ်ပွားလာနေသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်နှစ်တိုင်း ပလတ်စတစ်အလေးချိန် မက်ထရစ်တန် သန်း ၄၆၀ ကျော်ကို ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်သုံးစွဲနေသည်။ ယင်းပလတ်စတစ်ထုတ်ကုန်များအနက်မှ နှစ်စဉ် ပလတ်စတစ်တန်ချိန် မက်ထရစ်တန် သန်း ၂၀ ခန့်ကို ကမ္ဘာ့မြေထုနှင့် ရေထုတို့တွင် စွန့်ပစ်နေကြပြီး ၎င်းကဲ့သို့ စွန့်ပစ်မှုပမာဏသည် သက္ကရာဇ် ၂၀၄၀ ပြည့်နှစ်သို့ရောက်ရှိသည့်အချိန်တွင် သိသိသာသာ မြင့်တက်လာမည်ဟု ပညာရှင်များက ပြောကြားသည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် ဖြစ်လာသည့်ညစ်ညမ်းမှုများသည် မြေထု၊ ရေထုနှင့် ကမ္ဘာမြေ၏ဂေဟစနစ်များအား ဆိုးကျိုးသက်ရောက်မှုများဖြစ်လာစေသည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် ဇီဝမျိုးစုံမျိုးကွဲများ၏ ရှင်သန်မှုကို ဟန့်တားနေပြီး အကျိုးဆက်အဖြစ် ရာသီဥတုပြောင်းလဲမှုများကို ဖြစ်စေသည်။

ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းအများအပြားသည် ကင်ဆာဖြစ်စေနိုင်ပြီး အထူးသဖြင့် လူသားများ၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု၊ မျိုးပွားမှု၊ အာရုံကြောဆိုင်ရာနှင့် ခုခံအားချို့ယွင်းမှုများကို ဖြစ်စေနိုင်သည်။



ပလတ်စတစ်ထုတ်ကုန်များကို သုံးစွဲပြီးနောက် မီးရှို့သည့်အခါ ဓာတုပစ္စည်းများ လေထုထဲသို့ ရောက်ရှိလာပြီး သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို ထိခိုက်စေသည်။

ပလတ်စတစ်ညစ်ညမ်းမှုများကို ထိန်းချုပ်ရေးအတွက် ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ယခုနှစ် နိုဝင်ဘာလ ၂၅ ရက်က တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကျင်းပပြီး ပလတ်စတစ်ညစ်ညမ်းမှု ထိန်းချုပ်ရေးကို တာဝန်ရှိသူများအကြား ဆွေးနွေးခဲ့ကြသော်လည်း အပြီးသတ် သဘောတူညီချက် ချမှတ်နိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ယင်းအစည်းအဝေးတွင် ပလတ်စတစ်ထုတ်လုပ်မှုထိန်းညှိခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

၂၀၂၂ ခုနှစ်တွင် ချမှတ်ခဲ့သည့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာညီလာခံ၏ ဆုံးဖြတ်ချက်အရ ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အပြည်ပြည်ဆိုင်ရာသဘောတူညီချက်ကို ယခုနှစ်ကုန်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ ပလတ်စတစ်လျှော့ချရေးဆိုင်ရာ ကြိုးပမ်းမှုများကို ရေနံထုတ်လုပ်သည့်နိုင်ငံများက ဆန့်ကျင်နေသည်။ ပလတ်စတစ်အမှိုက်များကို ပြန်လည်အသုံးပြုခြင်း (သို့) စွန့်ပစ်ခြင်းလုပ်ငန်းများအတွက် ပလတ်စတစ်ထုတ်လုပ်သူများက တာဝန်ယူမှုဖြင့် ဆောင်ရွက်ရန် ယင်းအစည်းအဝေးတွင် တာဝန်ရှိသူများက တောင်းဆိုခဲ့သည်။

မကြာသေးမီက အဇာဘိုင်ဂျန်နိုင်ငံ ဗာကူမြို့တွင်ကျင်းပသည့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ ညီလာခံတွင်လည်း ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပွားလာသဖြင့် ပလတ်စတစ်ထုတ်လုပ်မှုလျှော့ချရေးအတွက် ဆွေးနွေးခဲ့ကြသည်။

လက်ရှိအချိန်တွင်ကမ္ဘာ့နိုင်ငံများသည် သုံးစွဲပြီးပလတ်စတစ်ထုတ်ကုန်များကို စွန့်ပစ်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးအတွက် ဘေးကင်းစေရေး စီမံဆောင်ရွက်ရာတွင် အားနည်းချက်များရှိနေကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပလတ်စတစ်ကင်းစင်သည့် သဘာဝပတ်ဝန်းကျင်ဖြစ်လာစေရေးအတွက် ပလတ်စတစ်ထုတ်လုပ်မှုလျှော့ချခြင်း၊ ပလတ်စတစ်ထုတ်ကုန်များအား ပြန်လည်အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းတို့အပြင် နိုင်ငံအလိုက် ပလတ်စတစ်ထိန်းချုပ်မှုဆိုင်ရာ အမျိုးသားအဆင့်အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းတို့ကို စနစ်တကျစီစဉ်ဆောင်ရွက်ရန် နိုင်ငံအများအပြားက ဆောင်ရွက်နေသည်။ ကမ္ဘာကြီးသာယာလှပရေးအတွက် ပလတ်စတစ်ကင်းစင်ရေး လူတိုင်းတွင် တာဝန်ရှိကြောင်း ယခုဆောင်းပါးဖြင့် အသိပညာပေးလိုက်ရပါသည်။

ကိုးကား – UN environment page



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

မဖဝါကိုတွေ့ခဲ့ခြင်းနှင့် ဝိညာဉ်ကလဲ့စား(ဂန္ဓိရဝတ္ထုဆောင်းပါးများ)



စာရေးသူလင်းမြတ်(မင်းတပ်)၏ မဖဝါကိုတွေ့ခဲ့ခြင်းနှင့် ဝိညာဉ်ကလဲ့စား (ဂန္ဓိရဝတ္ထုဆောင်းပါးများ) စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ကင်းစစ်တဲ့ဝိညာဉ်၊ ဝိညာဉ်ကလဲ့စား၊ သရဲမှပါးရိုက်သွားခြင်း၊ ဘဝခြားပေမယ့် စွဲလမ်းစိတ်ကမပြယ်၊ ကူညီရန်အရေးငိုသံပေး၊ ရှေ့ပြေးနိမိတ်ပြခြင်း၊ ပြစ်ဒဏ်ပေးမှားကလဲ့စား၊ အမျှရ၍သာဓုခေါ်ပြီး ကျွတ်လွတ်ချင်သူများ စသည့်ဆောင်းပါး ၂၇ ပုဒ် ပါဝင်သည်။

လောကတွင် မိမိကိုယ်တိုင် မတွေ့ကြုံ မခံစားဘူးသော်လည်း မရှိနိုင်၊ မဖြစ်နိုင်၊ မတွေ့နိုင်ဟူသောကိစ္စများသည် ကြုံတွေ့နိုင်ပေသည်။ ဂန္ဓိရစာစုများမှာ အတွေးအထင်စိတ်ကူးကိုမရေးဘဲ လက်တွေ့မျက်မြင် ထင်ဟပ်ခံစားရသော မိမိကိုယ်တွေ့ကြုံခဲ့သော အကြောင်းအရာများကိုသာ ရေးသားတင်ပြထားသဖြင့် ဖတ်၍ကောင်းသလို စိတ်ဝင်စားဖွယ်လည်း ကောင်းပေသည်။ ဆရာလင်းမြတ်(မင်းတပ်)၏ မဖဝါကိုတွေ့ခဲ့ခြင်းနှင့် ဝိညာဉ်ကလဲ့စား ဂန္ဓိရဝတ္ထုဆောင်းပါးများသည် စာဖတ်ပရိသတ်များအတွက် ဖတ်သင့် ဖတ်ထိုက်၊ မှတ်သင့် မှတ်ထိုက်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရွှေဒါးအောင်သပြေစာပေ ဖုန်း ၀၉-၇၉၅၃၉၉၈၆၊ ၀၉-၇၈၅၁၇၅၃၉၀၊ အမှတ် ၅၀၃/၁ စုမြတ်သရဖီလမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။

ဘန်ကောက်ကိုကျော်၍ စင်ကာပူမှ မလေးရှားသို့



ဒါရိုက်တာ ဖွန်မောင်မောင်ရေးသားသည့် ဘန်ကောက်ကိုကျော်၍ စင်ကာပူမှ မလေးရှားသို့စာအုပ် ထွက်ရှိလာသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ရောက်ရှိစဉ် ခေတ်မီစတိတ်ရှိုးစင်ကြီးများနှင့် ရောင်စုံမီးစလိုက်၊ မီးစလောင်းရုပ်မြင်သံကြားရိုက်စက်ကြီးတို့သည် တစ်နာရီအတွင်း တပ်ဆင်ဖြုတ်သိမ်းနိုင်သော ရွှေ့လျားစတိတ်စင်ကြီးများနှင့် ရုပ်မြင်သံကြားရိုက်ကူးနေမှုကို ကြည့်ရှုလေ့လာခဲ့ရသည်။

ရုပ်ရှင်စက်မှုပစ္စည်းများ၊ ခေတ်မီကြိုးမဲ့အသံသွင်း အသံဖမ်းစက်ကြီးများ၊ နောက်ဆုံးပေါ်ခေတ်မီကိရိယာများဖြင့် ပြုပြင်မွမ်းမံထားသော ထိုင်းမင်းသမီးများ၏အလှနှင့် အထူးကျွမ်းကျင်လှသော သရုပ်ဆောင်မှုပညာ၊ အနုပညာအားမာန်၊ ကြိုးစားမှု၊ ညွှန်ကြားချက်များကို မတိမ်းမစောင်း နာခံတတ်မှုတို့နှင့်အတူ နိုင်ငံခြားဘာသာစကားများကို ကျွမ်းကျင်ပီသစွာ ပြောဆိုတတ်မှုတို့ကြောင့် ထိုင်းရုပ်ရှင်အနုပညာနယ်ပယ်သည် အရှေ့တောင်အာရှသာမက ကမ္ဘာတစ်ဝန်းကို နေရာယူနေပေသည်။ ထိုင်းအနုပညာရှင်၊ အတတ်ပညာရှင်၊ စက်မှုပညာရှင်အားလုံးတို့သည် ကြိုးစားကြသည်။ အပင်ပန်းခံသည်။ ဇွဲကြီးသည်။

ထို့ပြင် စင်ကာပူနိုင်ငံတွင် တွေ့ကြုံရသည့်အခြေအနေများ၊ မလေးရှားနိုင်ငံတွင် တွေ့ကြုံရသည့် အခြေအနေများကို ဖော်ပြထားသည်။

စာအုပ်ကို ကိုလတ်စာပေ၊ အမှတ်(၂၂၀)၊ ၃၁-လမ်း(အထက်)၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၀၉၃၉၃၈မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ချိသည်။

ဆီနေကြာစိုက်ပျိုးထားရှိမှုအခြေအနေများကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



တောင်ကြီး ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်သမဝါယမအသင်းစုပိုင် မြေတွင်စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ရေဆင်းစပ်မျိုးနေကြာ မျိုးစေ့ထုတ်လုပ်ရန် ငါးဇကနှင့် အသင်းစုပိုင်ယာမြေတွင် ရေဆင်းစပ်မျိုး ၁၅ ဇကစိုက်ပျိုးထားရှိမှုအခြေအနေကို ပြည်နယ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး ပြည်နယ်ဦးစီးမှူးက ရရှိလာသောမျိုးစေ့များအား သမဝါယမအသင်းသားများသို့ ဖြန့်ဖြူးပေးနိုင်ရေး၊ အထွက်တိုးစေရေးနှင့် အသင်းအကျိုးအမြတ်ရရှိစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

◎ ကန့်ဘလူမြို့နယ်မှ

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံများဖြစ်သည့် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၃၈၅၄၄ ဧက၊ ပဲတီစိမ်း ၂၂၁၄ ဧက၊ ထောပတ်ပဲ ၃၇၉၇ ဧက၊ စွန်တာနီ ၁၃၉၃ ဧက၊ စွန်တာပြာ ၇၂၁၉ ဧက၊ ကုလားပဲ ၂၄၂၉ ဧက၊ ပဲကြီး ၁၇၁ ဧက၊ စားတော်ပဲ ၈၅၇၁ ဧက၊ ပဲလွမ်း ၂၃၉၅ ဧကနှင့် အခြားပဲ ၂၅၉၃ ဧက စုစုပေါင်း ၈၉၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ဆောင်းရာသီနှင့် ဝမ်းချုပ်ခြင်း

တင်ထက်ထက်ဇော်



မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီရှိသည့်အနက် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ လေးလသည် ဆောင်းရာသီကာလဖြစ်ပါသည်။ အထူးသဖြင့် ချမ်းအေးသော ဆောင်းရာသီရောက်လျှင် အသက်အရွယ်ကြီးရင့်သူများ ဝမ်းချုပ်လေ့ရှိပြီး ပုံမှန်ဝမ်းသွားသူ သက်လတ်ပိုင်းတချို့လည်း ဝမ်းချုပ်လာတတ်ကြပါသည်။ တချို့သူများ၏ ဇီဝဖြစ်စဉ်က ပျမ်းမျှ နှစ်ရက်လျှင် တစ်ကြိမ်သာ ဝမ်းသွားလေ့ရှိပြီး ထို့ထက်ပို၍ အစာဟောင်းကို စွန့်မထုတ်နိုင်ခြင်းကို ဝမ်းချုပ်ခြင်းဟု ခေါ်ပါသည်။

ထို့ကြောင့် ဝမ်းသွားချင်စိတ်ကို လျစ်လျူရှု မထားဘဲ အချိန်ပေး၍ အိမ်သာတက်သော အလေ့အကျင့်ကို မွေးမြူသင့်ပါသည်။ အထူးသတိပြုသင့်သည်မှာ ဝမ်းချုပ်ခြင်း အချိန်ကြာလာသည်နှင့်အမျှ စမြင်းခံလာပြီး အတင်းအားစိုက် ညှစ်ထုတ်ရခြင်းကြောင့် လိပ်ခေါင်းရောဂါအမျိုးမျိုးနှင့် စအိုကွဲခြင်းဝေဒနာတို့ကို ဖြစ်စေနိုင်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ဝမ်းချုပ်နိုင်

နံနက်အိပ်ရာထချိန်မှစ၍ စားလိုက်သော အစာသစ်များကို ခန္ဓာကိုယ်ကြီးက အစာအာဟာရ အဖြစ် စုပ်ယူပြီး မလိုလားအပ်သော အစာဟောင်းများကို “မစင် (feaces)” အဖြစ် စွန့်ထုတ်ကြပါသည်။ တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ် စွန့်ထုတ်ပေးနိုင်မှသာလျှင် ပေါ့ပါးလန်းဆန်းစေမည် ဖြစ်သည်။ ထို့ကြောင့်လည်း “ဝမ်းတစ်လုံးကောင်းရင် ခေါင်းမခဲဘူး” ဟု ရှေးလူကြီးများက ဆိုပါသည်။

စားသောက်မှုပုံစံ မှန်ကန်မှုမရှိ စနစ်မကျခြင်း၊ အိပ်ချိန်မမှန်ခြင်း၊ အထိုင်များ၍ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ ရေသောက်နည်းခြင်း တို့ကြောင့်လည်း အရွယ်သုံးပါးမရွေး ဝမ်းချုပ်တတ်ပါသည်။ ရောဂါတစ်ခုခုကြောင့် ပဋိဇီဝဆေးမှီဝဲနေရပြီး ၎င်းဆေး၏ ဘေးထွက်ဆိုးကျိုးကြောင့်လည်း ဝမ်းချုပ်ခြင်းကို ဖြစ်စေပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ aspirin နှင့် ibuprofen အကိုက်အခဲပျောက်ဆေးဝါးများ၊ ကယ်လ်စီယမ်နှင့် သံဓာတ်အားဆေးများက ဝမ်းချုပ်စေပါသည်။ ဝမ်းသွားခြင်းအတွက် ဝမ်းပိတ်ဆေးများစွာ သောက်သုံးခြင်းကြောင့်လည်း ရက်အတန်ငယ် ဝမ်းချုပ်သွားတတ်ပါသည်။

ရင်ပူခြင်းကို ပြေပျောက်သော Antacids ဆေးဝါးများ၊ သွေးကျဆေးများ၊ Antihistamines ဓာတ်ပါသော ယားနာပျောက်ဆေးများ၊ စိတ်ကျဝေဒနာသည်များနှင့် စိတ်ကျခြင်းကို ကုသပေးနိုင်သော Antidepressant ဆေးဝါးများက ဝမ်းချုပ်စေတတ်ပါသည်။ ထို့ကြောင့် ၎င်းဆေးဝါးကို မှီဝဲနေရသူများက အမျှင်ဓာတ်များသော အစားအစာများ ပိုစားပြီး ရေများများသောက်ပေးပါ။ Crohn’s disease (ခေါ်) အစာခြေလမ်းကြောင်းနာတာရှည်ရောဂါများနှင့် ulcerative colitis (ခေါ်) အူမကြီးအမြှေးရောင်ရမ်းခြင်းကြောင့် ဝမ်းချုပ်စေပါသည်။ Hypothyroid (ခေါ်) လည်ပင်းအကျိတ် ဂလင်းရောဂါက ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကို နှေးကွေးသွားစေကာ ဝမ်းချုပ်ခြင်းကို ဖြစ်စေပါသည်။

နွားနို့က ဝမ်းမချုပ်စေသော်လည်း နွားနို့ကို ပြန်လည်ပြုပြင်ထားသော ချိစ်၊ ဒိန်ခဲ စသည့် နို့ထွက်ပစ္စည်းများနှင့် အဆီဓာတ်များသော အသားများက အစာမကြေ ဝမ်းချုပ်ခြင်းကို ဖြစ်စေပါသည်။ အမျိုးသမီးများ ရာသီလာစဉ်ကာလများ၊ ကိုယ်ဝန်ဆောင်ချိန်နှင့် ကလေးမီးဖွားပြီးစအချိန်များတွင် ဝမ်းချုပ်လေ့ရှိပါသည်။ ဆီးချိုရောဂါက အာရုံကြောများကို ပျက်စီးသွားစေပြီး အစာကို ကောင်းစွာမခြေဖျက်နိုင်တော့ဘဲ ဝမ်းချုပ်လာစေပါသည်။

ချောကလက်လျှော်စားပါ။ အမေရိကန်နိုင်ငံဆေးသုတေသီများက နာတာရှည်ဝမ်းချုပ်သူများကို လေ့လာစမ်းစစ်သောအခါ ချောကလက်စားသုံးမှုများသူတွင် ပိုမိုဝမ်းချုပ်စေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။ အသင့်စားအစားအသောက်များ၊ အကြော်အလှော်များက ဝမ်းချုပ်စေပါသည်။ ကော်ဖီနှင့် လက်ဖက်ရည် လျှော့သောက်ပါ။ ဆေးလိပ်နှင့် အရက်များ မသောက်သုံးပါနှင့်။

ဝမ်းကောင်း၍ ခေါင်းမခဲစေသော နည်းလမ်းကောင်းများ

နံနက်အိပ်ရာထ သောက်ရေသုံးခွက် ဆက်တိုက်သောက်ပေးခြင်းက အူများကို အလုပ်လုပ်စေ၍ ဝမ်းသက်စေပါသည်။ နေ့စဉ် ရေရှစ်ခွက်မှ ၁၀ ခွက်အထိ သောက်သော အလေ့အကျင့်ကို မွေးမြူပါ။

သံပရာသီးက ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်၍ နံနက်အိပ်ရာထ အစာမစားခင် ရေနွေးတစ်ဖန်ခွက်ထဲကို သံပရာသီးတစ်လုံးညှစ်ပြီး ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းနှင့် ဆားအနည်းငယ် ဖျော်သောက်ပါ။

လိမ္မော်သီး၊ သစ်တော်သီးကဲ့သို့ အရည်ရွှမ်းပြီး အမျှင်များသော သစ်သီးများစားပါ။ အမျှင်ဓာတ်ပေါများသော ဂုဏ်လျှော်စေ့က အစာကြေစေပြီး ဝမ်းချုပ်ခြင်းကို သက်သာပျောက်ကင်းစေပါသည်။ နွားနို့ပူပူသောက်ခြင်းက အူမကြီးကို ကောင်းစွာလှုံ့ဆော်ပေးနိုင်၍ ဝမ်းမချုပ်စေနိုင်ပေ သို့မဟုတ် ညအိပ်ရာဝင်ခါနီး နွားနို့ပူပူထဲမှာ ထောပတ်ကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း ပမာဏထည့်၍ သောက်ခြင်းဖြင့် နံနက်ပိုင်းတွင် ရှောရှော်ရွှေ့ရွှေ့ ဝမ်းသက်စေပါတယ်။ သဖန်းသီး၊ ပဲကတ္တီပါ၊ မြေပဲ၊ စွန်ပလွန်သီး၊ ပဲပင်ပေါက်စားပေးပါ။

မာလကာသီး(အူနီ) အမှည့်က ဝမ်းချုပ်ခြင်းကို သက်သာစေပါသည်။ ကြံရည်၊ ခရမ်းချဉ်သီးနှင့် beet root (ခေါ်) သကြားမုန်လာဥ (ခေါ်) သွေးရောင်ကဲ့သို အရည်ရွှမ်းသော မုန်လာဥနီက ဝမ်းသက်စေပါသည်။ နံနက်တိုင်း သင်္ဘောသီးမှည့်မှည့်စားပါ။ (မွန်းတည့် ၁၂ နာရီမတိုင်မီကို ဆိုလိုပါသည်) ညအိပ်ရာဝင်ခါနီး ဖီးကြမ်းငှက်ပျောသီးမှည့်မှည့်စားပါ။ ပန်းသီးက ခန္ဓာကိုယ်တွင်း အဆိပ်အတောက်များကို ပြေစေပြီး ဝမ်းချုပ်ခြင်းကို ကောင်းကျိုးပြုနိုင်၍ တစ်နေ့တစ်လုံး စားသင့်ပါသည်။

အမျှင်ဓာတ်များသော အစားအစာများဖြစ်ကြသည့် ကိုက်လန်၊ မုန်ညင်းစိမ်း၊ ဟင်းနုနယ်၊ ကန်စွန်းရွက်၊ ပဲသီး စသည့် အစိမ်းရောင်အရွက်ဖားဖားဟင်းရွက်များ၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ (ခေါ်) အဖြူရောင် ပန်းဂေါ်ဖီ၊ ဘရိုကိုလီ (ခေါ်) ပန်းဂေါ်ဖီစိမ်း၊ ပဲစေ့အမျိုးမျိုး၊ မျှစ်စို၊ ဘယ်ရီသီး အမျိုးမျိုး၊ ထောပတ်သီး၊ အုတ်ဂျုံ (ခေါ်) ကွေကာအုတ်စသည်တို့က ဝမ်းကိုသက်သက်သာသာသွားစေပါသည်။ ဆောင်းရာသီ ဝမ်းချုပ်လေ့ရှိသူများက မန်ကျည်းသီးမှည့်ဖြင့်ချက်ပြုတ်ထားသော ချဉ်ရည်ဟင်းများ ဥပမာ ကန်စွန်းရွက်ချဉ်ရည်ဟင်း၊ မုန်ညင်းစိမ်း ချဉ်ရည်ဟင်းတို့ကို မကြာမကြာ ချက်စားပေးသင့်ပါသည်။ ဝမ်းနုတ်ဆေး တာရှည်စားခြင်းက အူပါးခြင်းကို ဖြစ်စေသည့်အပြင် ကြာလာသည်နှင့်အမျှ ဆေးယဉ်ပါးသွားတတ်ပါသည်။ ထို့ကြောင့် ဝမ်းနုတ်ဆေးမစားဘဲ မန်ကျည်းသီးမှည့်တွင် ဆားအနည်းငယ်ထည့်၍ အညိုရောင်ထန်းလျက်ဖြင့် မန်ကျည်းဖျော်ရည်ပျစ်ပျစ် တစ်နေ့တစ်ခွက်သောက်သုံးခြင်းက ဘေးထွက်ဆိုးကျိုး မရှိစေပါဘူး။

အရွက်တွင် အမွေးလေးတွေပါရှိသော ကုလားမြင်းခွာရွက်ပင်၏အပွင့်ကို သကြားနှင့် ကြိတ်ပြီး စားပေးပါ။ ကြက်ဟင်းခါးသီးကို ဆားထည့်ပြီး ရေစိမ်သောက်ပါ။ ကြက်ဟင်းခါးသီးကို ရေနံဆီအသောက်၊ အနေအထိုင်ပြောင်းလဲမှုနှင့် များစွာသက်ဆိုင်ပါသည်။ ဝမ်းချုပ်သောကလေးမှာ နေရထိုင်ရခက်ပါသည်။ ဝမ်းသွားလျှင်နာပြီး စအိုကွဲတတ်သလို၊ ဝမ်းချုပ်ချိန်ကြာလာသည်နှင့်အမျှ မစားချင်၊ မသောက်ချင်ခြင်းနှင့် ပျို့အန်ခြင်းများ ဖြစ်လာနိုင်ပါသည်။ ဝမ်းအလွန်ချုပ်လျှင် သွေးပါတတ်ပြီး အစာဟောင်းအိမ်၏ နံရံအတွင်းသားများ ကျွံကျခြင်း၊ အူကျွံခြင်းဖြစ်တတ်ပါသည်။ ဝမ်းချုပ်ခြင်း အကျင့်ပါသွားလျှင် နောက်ဆက်တွဲဆိုးကျိုး အနေဖြင့် အူလမ်းကြောင်းပြဿနာရှိကာ အဆိုးဆုံးအခြေအနေမှာ အူလမ်းကြောင်း ပိတ်ဆို့တတ်ပါသည်။

မွေးကင်းစမှ ခြောက်လအရွယ်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးသည့်ကလေးများတွင် ဝမ်းသွားခြင်း၊ ဝမ်းချုပ်ခြင်းက စိတ်ပူစရာမရှိပေ။ သို့သော် ကလေးတွင် –

- တစ်ပတ်လျှင် သုံးရက်ထက်လျော့ပြီး ဝမ်းသွားလျှင် ဝမ်းချုပ်သည်ဟု သတ်မှတ်ပါသည်။
- သုံးရက် တစ်ခါ ဝမ်းမသွားလျှင် ဝမ်းချုပ်သည်ဟု သတ်မှတ်ပါသည်။
- ပုံမှန်ဝမ်းသွားသော်လည်း ဝမ်းသွားချိန်မှာ ညှစ်နေရလျှင်လည်း ဝမ်းချုပ်သည်ဟု သတ်မှတ်ပါသည်။
- ၁၀ ရက်ခန့် ဝမ်းမသွားလျှင် အန္တရာယ်ရှိနေပါပြီ။ ဆရာဝန်ဖြင့်ပြ၍ သေချာစွာ စစ်ဆေးမှုခံယူရပါမည်။

ထို့ကြောင့် ကလေးငယ်များ ဝမ်းချုပ်လျှင်

*** ကလေးငယ်များ ဝမ်းချုပ်လျှင် အနေအထိုင်၊ အစားအသောက် ပြင်ဆင်ပြောင်းလဲပေးရန် လိုအပ်သကဲ့သို့ အသီးအနှံ၊ ဟင်းသီးဟင်းရွက်များများကျွေးရန် လိုအပ်ပါသည်။ ရေများများတိုက်ပေးခြင်း၊ လှုပ်လှုပ်ရှားရှား ပြေးလွှားဆော့ကစားခြင်းများလုပ်ခြင်းဖြင့် ဝမ်းချုပ်သည့်အကျင့်ကို ပြန်လည်ကောင်းမွန်စေနိုင်**

*** ချမ်းအေးသော ဆောင်းရာသီရောက်လျှင် ပုံမှန်ဝမ်းသွားသူများမှာပင် ဝမ်းချုပ်တတ်လေ့ရှိရာ နေ့စဉ် လေ့ကျင့်ခန်းဆန်ဆန် ပြုမူလှုပ်ရှားခြင်း၊ အထက်တွင် ဖော်ပြထားသော ဝမ်းပျော့စေမည့် အစားအသောက်များကို ရွေးချယ်စားသုံးခြင်း၊ ဝမ်းချုပ်စေသည့် ကောက်ညှင်းဖြင့် ပြုလုပ်ထားသော အစားအစာများကို လျှော့စားခြင်းဖြင့် ဝမ်းကောင်း၍ ခေါင်းမခဲတော့ဘဲ ပေါ့ပါးလန်းဆန်းစေမည်**

ဝမ်းချုပ်သောကလေးကို ပြုစုစောင့်ရှောက်နည်း

ကလေးများတွင် ဝမ်းချုပ်ခြင်းကို တော်တော်များများ တွေ့ရပြီး အဓိကအားဖြင့် အစားအစာ ဖြင့်စိမ်၍ ဝမ်းဗိုက်ကိုလိမ်းပေးပါ။ ကြိတ်မှန်ရွက် ၂၅ ကျပ်သားကို ထန်းလျက် ၁၀ ကျပ်သား၊ အရည်ညှစ်ပြီးသော ရှောက်သီးဖတ် ၁၀ ကျပ်သား၊ ခပ်ပါးပါးလှီးထားသော ကြက်သွန်နီ ၁၀ ကျပ်သား၊ စမုံမျိုးငါးပါးအမှုန့် နှစ်ပဲသားစီတို့ဖြင့် ရောချက်ထားသော ကြိတ်မှန်ရွက်ယိုကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် တစ်နေ့လျှင် သုံးကြိမ်စားပေးပါ။

နံနက်စောစော ၁၅ မိနစ်ခန့် လမ်းသွက်သွက်လျှောက်ခြင်းက အူများကိုလှုပ်ရှားကာ ဝမ်းသွားစေပါသည်။ အူလေ့ကျင့်ခန်းက သဘာဝနည်းဖြင့် ဝမ်းသက်စေပါသည်။ (တင်ပျဉ်ခွေထိုင်၍ ဝမ်းဗိုက်ကြွက်သားဆီ အာရုံစူးစိုက်ကာ လေရှူလေထုတ် ပြင်းပြင်းလုပ်ခြင်းကို ဆိုလိုပါသည်)

အချုပ်အားဖြင့်ဆိုသော် ချမ်းအေးသော ဆောင်းရာသီရောက်လျှင် ပုံမှန်ဝမ်းသွားသူများမှာပင် ဝမ်းချုပ်တတ်လေ့ရှိရာ နေ့စဉ် လေ့ကျင့်ခန်းဆန်ဆန် ပြုမူလှုပ်ရှားခြင်း၊ အထက်တွင် ဖော်ပြထားသော ဝမ်းပျော့စေမည့် အစားအသောက်များကို ရွေးချယ်စားသုံးခြင်း၊ ဝမ်းချုပ်စေသည့် ကောက်ညှင်းဖြင့် ပြုလုပ်ထားသော အစားအစာများကို လျှော့စားခြင်းဖြင့် ဝမ်းကောင်း၍ ခေါင်းမခဲတော့ဘဲ ပေါ့ပါးလန်းဆန်းစေမည်ဖြစ်ပါကြောင်း။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၉-၁၂-၂၀၂၄ ရက်နေ့မှအဆက်)

(၅)

"ကိုထွန်းဝေ . . . ခင်လေး မရှိတော့ဘူး"

ကျွန်တော့်ကို မြင်မြင်ချင်း မဖြူသည် ဒရောသောပါး ပြေးထွက်လာပြီး ကျွန်တော့်ကိုဖက်၍ ငိုသည်။

ကျွန်တော့်တစ်ကိုယ်လုံးမှသွေးများ ရပ်တန့်သွားသည်။ ပတ်ဝန်းကျင်ကိုလည်း ကယောင်ချောက်ချားကြည့်မိသည်။

ဧည့်ခန်းထဲမှ ကုလားထိုင်များရှေ့တွင် ကျွန်တော် ဝင်ဝင်လာချင်း ထရပ်လိုက်သော လူသုံးဦး ရှိနေသည်။ ခင်လေး၏ ဖေဖေ၊ မေမေနှင့် ကိုကိုလတ်။

ခင်လေး၏ မိခင်က မျက်နှာကိုလက်ဝါးဖြင့်အုပ်ရင်း ရှိုက်ကြီးတငင် ငိုချလိုက်သည်။ ခင်လေး၏ ဖခင်က မျက်ရည်များ ရစ်ဝဲလျက် မျက်နှာကြီးတစ်ခုလုံး နီညိုနေပြီး အံကို တင်းတင်းကြိတ်ထားသည်။

"ခင်လေး မရှိတော့ဘူး ကိုထွန်းဝေရဲ့၊ ခင်လေးမရှိတော့ဘူး သိလား။ ခင်လေး သေပြီ"

ကျွန်တော့် အသိအာရုံအားလုံး ရပ်ဆိုင်းသွားသည်။

မဖြူအသံက နားထဲကို သံရည်ပူများ စီးဆင်းလာသကဲ့သို့ ပူပြင်းလောင်မြိုက်စွာဝင်လာ၏။

သူ့စကားများ နားထဲတွင် ပဲ့တင်ရိုက်ခတ်နေ၏။

"ခင်လေး မရှိတော့ဘူး . . . ခင်လေးသေပြီ ခင်လေးမရှိတော့ဘူး. ခင်လေး သေပြီ . . . ခင်လေး မရှိတော့ဘူး ခင်လေး သေပြီ . . . ခင်လေး . . ."

ကျွန်တော့် မျက်လုံးအစုံသည် လွန်မင်းစွာ ကျုံ့ဝင်သွားသည်။

"ဘယ်လို မဖြူ၊ ဘာဖြစ်တယ်"

"ခင်လေး မရှိတော့ဘူး၊ ခင်လေး ဆုံးသွားပြီ။ ကိုထွန်းဝေ သိပ်ချစ်တဲ့ ခင်လေး လောကမှာမရှိတော့ဘူး သိရဲ့လား"

ရှိုက်ငိုသံများသည် တစ်ခန်းလုံးတွင် ပဲ့တင်ရိုက်နေ၏။

ဧည့်ခန်းကြီးတစ်ခုလုံးသည် သုသာန်တစပြင်ကဲ့သို့ ဖြစ်နေသည်။

လောကကြီးကို ကျွန်တော် ချောက်ချားစွာ ကြည့်နေမိ၏။ ကျွန်တော့်နားကို ကျွန်တော်မယုံ။ ရင်တွင်းက သံသယသည် မဖြူ၏ စကားများကို ခါးခါးသီးသီး ငြင်းဆန်နေသည်။

ပေါ်ဦးကို ဖျတ်ခနဲ ကြည့်သည်။ ဆောက်တည်ရာမဲ့သောအကြည့်။

ပေါ်ဦး ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြောက်စွာကြည့်ရင်း အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။ ပြီးမှ တုန်ယင်သောလေသံဖြင့်-

"ဟုတ်တယ် ထွန်းဝေ၊ ခင်လေး နေ့လယ်က ဆုံးသွားတယ်။ ခုမဖြူက မင်းကို အတင်းလာခေါ်ခိုင်းလို့ လာကြတာ။ ခင်လေး မရှိတော့ဘူး"

ကျွန်တော့်တစ်ကိုယ်လုံး နတ်ပူးသကဲ့သို့ တုန်ယင်လှုပ်ရှားလာသည်။ ရင်ထဲတွင် လှိုင်းတံပိုးများ ဖြောင်းဆန်လာ၏။ တစ်ကိုယ်လုံး ချာချာလည်နေသည်။

မမျှော်လင့်သောအဖြစ်၊ လုံးဝမယုံကြည်နိုင်စရာအဖြစ်၊ ဘယ်တော့မှ ယုံစားလိမ့်မည်မဟုတ်သော မယုံနိုင်စရာအဖြစ်။

အို . . . မယုံ . . . မယုံ . . . ကျွန်တော်မယုံ။ စိတ်ထဲကငြင်းဆန်နေသော်လည်း အသိကလက်ခံနေ၏။ မျက်လုံးထဲတွင် လောကကြီးသည် တအားလင်းထိန်လာသည်။ တစ်ဖန် ရုတ်ခြည်းမှောင်သွားပြန်သည်။ လင်းလိုက်မှိန်လိုက်နှင့် ကျွန်တော့်အာရုံများ ထွေပြားလာသည်။ မယုံဘူး၊ မယုံဘူး၊ သည်မြင်ကွင်းများအားလုံးကို ကျွန်တော် မယုံနိုင်။

ကျွန်တော့်မျက်နှာကို မော့ကြည့်၍ မဖြူ ဆတ်ခနဲကိုယ်ကို ခွာသည်။

"ကိုထွန်းဝေ . . . သတိထားနော်၊ ကိုပေါ်ဦး သူ့ကိုပြောပါဦး"



ကျွန်တော် ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်တော့။ ကျွန်တော့် ခန္ဓာကိုယ်တွင် ထိန်းချုပ်ခြင်းလုံးဝမရှိတော့။ လက်သီးကို တင်းတင်းဆုပ်လိုက်ပြီး အံကိုပြုတ်ထွက်မတတ်ကြိတ်လိုက်ရင်း ပေါ်ဦးရှိရာ နံရံဘက် လျှောက်လာသည်။ ပေါ်ဦး ကြောင်ကြည့်နေ၏။ ကျွန်တော့်ကိုယ်တွင်းမှာ ဘာအသိမှမရှိ။

"ထွန်းဝေ . . . သတိထားကွာ၊ တို့အားလုံးလည်း မင်းလိုပဲ ခံစားနေကြရတာပါ"

သူ့အသံထဲတွင် ငိုသံနှင့် ကြောက်သံ ရောနေ၏။

မျက်လုံးအစုံကို တအားမှိတ်လိုက်မိသည်။ မကြားချင်တော့၊ နားထဲတွင် ဘာမှ မကြားချင်တော့။ ရင်တွင်းမှ ပေါက်ကွဲထွက်လာသော စကားများကို အသံကုန်အော်လိုက်မိသည်။

"မယုံဘူး၊ ငါမယုံဘူး။ မင်းတို့အားလုံး ငါ့ကိုညာတာ။ ခင်လေး မသေဘူး၊ ခင်လေး ဘယ်လိုမှမသေဘူးကွ။ ခင်လေးနဲ့ငါ ပြောပြီးသား။ ခင်လေးနဲ့ငါ ယူတော့မယ်၊ ငါ အားလုံးစီစဉ်ပြီးပြီ။ ခင်လေးကို ငါလာခေါ်တာ။ ခင်လေးရှိတယ်၊ ဘယ်မလဲ ခင်လေး။ ခင်လေး မသေဘူး၊ ဘယ်တော့မှ မသေဘူးကွ"

အော်လည်းအော်၊ ပြေးလည်းပြေး၊ နံရံကို ခေါင်းနဲ့ပြေးအတိုက် လှုပ်ရှားမှုအားလုံး တစ်ပြိုင်နက်ဖြစ်သွားသည်။

နံရံသည် ကျွန်တော့်မျက်စိရှေ့ ဝါးခနဲကပ်သွား၏။

"ဟေ့ကောင် . . . ထွန်းဝေ"

ပေါ်ဦး၏ တအားအော်ခေါ်သံ ကြားသည်။ ဒိုင်းခနဲ ဆောင့်သံနှင့်အတူ ကျွန်တော့်မျက်လုံးထဲတွင် မိုက်ခနဲဖြစ်သွားသည်။ နဖူးတစ်ပြင်လုံး ဒုန်းခနဲအသိနှင့်အတူ ကျင်ခနဲ၊ ပူခနဲ ဖြစ်သွား၏။

နံရံ၏ အေးစက်သော အထိအတွေ့က ကျွန်တော့်မျက်နှာဖြင့် တွေ့လိုက်သည်။ နဖူးတွင် စိုစွတ်စေးထန်းသောအတွေ့ကိုရ၏။ ထိုးတက်လာသော နာကျင်မှုကို ခံစားလိုက်ရသည်။

ကျွန်တော့် ခန္ဓာကိုယ်သည် ကြိုးမှပြတ်သော ရုပ်သေးရုပ်ကဲ့သို့ ခွေခနဲပုံကျသွား၏။

လောကလည်း အမှောင်ဖုံးပြီ။ ကျွန်တော် ရှုံးသွားပါပြီကော။

* * * * *

(၆)

ပတ်ဝန်းကျင်ကို သတိပြုမိသောအချိန်တွင် ကျွန်တော့်မျက်လုံးများထဲ မျက်ရည်တို့ဖြင့် ရွှဲရွှဲစိုနေသည်။

အားလုံး၏ စိုးရိမ်သော၊ မျက်ရည်ပြည့်လျှမ်းသော၊ ကြောက်သော၊ ယုကျုံးမရသော မျက်နှာများသည် ကျွန်တော့်ဆီ ဝိုင်းအုံနေ၏။

ကျွန်တော့်တစ်ကိုယ်လုံး ပေါ်ဦး ရင်ခွင်ထဲရောက်နေသည်။ ကျွန်တော် ဖျတ်ခနဲ ထရပ်လိုက်၏။

"ပေါ်ဦး၊ ငါ့ကို သေသေချာချာပြောစမ်း ပေါ်ဦး။ ခင်လေး ခု ဘယ်မှာလဲ၊ ဘာဖြစ်တာလဲ။ မနေ့ကပဲ ခင်လေးနဲ့ငါ တွေ့သေးတယ်။ ခုမရှိတော့ဘူးဆိုတာ ငါမယုံဘူး ပေါ်ဦး။ မင်း ငါ့ကိုမညာနဲ့။ ခု ခင်လေး ဘယ်မလဲ။ ခင်လေး ရှိကိုရှိတယ်"

ပေါ်ဦး ကျွန်တော့် လက်မောင်းနှစ်ခုကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်သည်။

"ထွန်းဝေ၊ မင်းစိတ်ကို မင်းထိန်းစမ်း ထွန်းဝေ။ ငါပြောပြမယ်၊ အားလုံးကို မင်းနားလည်အောင်ပြောပြမယ်။ လာ ခဏလေး ထိုင်"

ကျွန်တော် ခေါင်းကို တအားခါယမ်းပစ်သည်။

"မထိုင်ဘူး ပေါ်ဦး၊ မင်းငါ့ကို ပြောစရာရှိတာပြော။ ငါသိချင်တယ်။ ငါ စိတ်မထိန်းနိုင်လို့ သေသွားသွား ဒါက အရေးမကြီးဘူး။ ခု ခင်လေး ဘယ်မလဲပြော"

ပေါ်ဦး မျက်လုံးအစုံကို မှိတ်သည်။ သက်ပြင်းတစ်ချက်ချလိုက်၏။ ပြန်ပွင့်လာသော သူ့မျက်လုံးများတွင် မျက်ရည်ကြည်များ ရစ်ဝိုင်းနေသည်။

"ဒီနေ့ နေ့လယ်က ဆယ်နာရီခွဲပွဲ ရုပ်ရှင်ကြည့်မယ်ဆိုပြီး ခင်လေးကားနဲ့ထွက်သွားတယ် ထွန်းဝေ။ မဖြူနဲ့သွားမလို့ဆိုပြီး မဖြူဆီထွက်သွားတာပဲ။ လမ်းမှာ ကားဘီးပေါက်တယ်။ ဒါနဲ့ ခင်လေးက သူသိပ်နောက်ကျနေမယ်၊ မဖြူအိမ် သူသွားနှင့်မယ်။ ဒရိုင်ဘာကို မဖြူအိမ်ကို လိုက်ခဲ့ဆိုပြီး လမ်းမှာမောင်းလာတဲ့ သုံးဘီးကားတစ်စီးကို တားတယ်။ မင်းသိတယ် မဟုတ်လား၊ မင်းအကျင့်လုပ်ပေးလို့ ခင်လေး သုံးဘီး စီးတတ်နေတယ်လေ"

ပေါ်ဦး အသံက ပြောရင်း တိမ်ဝင်သွားသည်။ ကျွန်တော့် ရင်ထဲနှင့်ခနဲဖြစ်သွား၏။ ကျွန်တော် သူ့မျက်နှာကို စေ့စေ့ကြည့်မိသည်။

ခင်လေးသည် ကျွန်တော်နှင့်သွားရန် အဝတ်အစားများကို မဖြူဆီပို့ရန်အတွက် သွားသော အသွားပါလား။ ခင်လေး၏ နောက်ဆုံးခရီးသည် ကျွန်တော့်ထံလာသော အလာပါလား။ ကျွန်တော့်ရင်ထဲမှလည်း အူကလီစာများသည် တစ်စစီ ပျက်ကြွေလွင့်ကုန်ပြီ ထင်လိုက်ရ၏။

"အေး . . . သူတားစီးတဲ့ကားမှာက အိမ်တွင်းစက်မှုလုပ်ငန်းတစ်ခုမှာသုံးဖို့ ဓာတ်ဆီပုံး သုံးပုံး သယ်လာတယ်။ ဓာတ်ဆီ သုံးပုံးနဲ့ လူတစ်ယောက်ပဲ ပါလာတာမို့ ကားက ချောင်နေတယ်။ ခင်လေးနဲ့လည်း လမ်းကြုံတာမို့ ဒီကားနဲ့ စီးဖြစ်သွားတယ်"

သူဆက်ပြောမည့် ဖြစ်ပျက်ပုံကို ကြိုရိပ်မိလာသလို ဖြစ်လာသည်။ ရင်ထဲတွင် အပူလုံးတစ်ခု လှုပ်ရှားလာသည်။ နားထဲတွင် ပေါ်ဦးအသံများ လွှမ်းလာ၏။

"သူလိုက်သွားတဲ့ကားက ကုက္ကိုင်းမီးပွိုင့်ကျတော့ မီးဝါကို ဖြတ်ကူးတယ်။ တစ်ချိန်တည်းမှာပဲ ရန်ကုန်ဘက်က တအားမောင်းလာတဲ့ ဂျစ်ကားတစ်စင်းက အရှိန်ထိန်းမရတော့ဘဲ ခင်လေးတို့ သုံးဘီးကို ဝင်တိုက်တယ်။ တိုက်တိုက်ချင်း သုံးဘီးကားမှောက်သွားပြီး ဓာတ်ဆီပုံးတွေက မီးထလောင်တယ်။ ခင်လေးရော၊ ကားပေါ်ပါလာတဲ့ လူတစ်ယောက်ရော၊ ဒရိုင်ဘာရော တစ်ယောက်မှ အသက်မရှင်ဘူး"

"ငါ . . မယုံဘူး"

ကျွန်တော့် ပါးစပ်မှ ကျယ်လောင်သောအသံ ပေါက်ကွဲသွားသည်။ ရင်ထဲမှာ နာကျင်ဆို့ကျပ်သောခံစားမှုဖြင့် လူသည် တုန်တုန်လှုပ်လှုပ်ဖြစ်လာ၏။ ပေါ်ဦးက ကျွန်တော့်စကားကို အရေးမလုပ်ဘဲ သူပြောရမည့်စကားကို ဆက်ပြောသည်။

"အဲဒါ ဆေးရုံကို မင်းလိုက်ကြည့်ဖို့ လာခေါ်တာ"

ကျွန်တော့်တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်။

ဖျတ်ခနဲ ကျန်လူများဘက်သို့ ကြည့်လိုက်မိ၏။ မှုန်ဝါးသော အကြည့်တွင် အားလုံး၏ ကြောက်ဖွယ်မျက်နှာများ။

ရက်စက်လိုက်တဲ့ ကံကြမ္မာရယ်...။

* * * * *

(ဆက်လက်ဖော်ပြပါမည်)

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

"ကျွန်တော့်တစ်ကိုယ်လုံး နတ်ပူးသကဲ့သို့ တုန်ယင်လှုပ်ရှားလာသည်။ ရင်ထဲတွင် လှိုင်းတံပိုးများ ဖြောင်းဆန်လာ၏။ တစ်ကိုယ်လုံး ချာချာလည်နေသည်။ မမျှော်လင့်သောအဖြစ်၊ လုံးဝမယုံကြည်နိုင်စရာအဖြစ်၊ ဘယ်တော့မှ ယုံစားလိမ့်မည်မဟုတ်သော မယုံနိုင်စရာအဖြစ်။ အို . . . မယုံ . . . မယုံ . . . ကျွန်တော်မယုံ။ စိတ်ထဲကငြင်းဆန်နေသော်လည်း အသိကလက်ခံနေ၏။ မျက်လုံးထဲတွင် လောကကြီးသည် တအားလင်းထိန်လာသည်။ တစ်ဖန် ရုတ်ခြည်းမှောင်သွားပြန်သည်။ လင်းလိုက်မှိန်လိုက်နှင့် ကျွန်တော့်အာရုံများ ထွေပြားလာသည်။ မယုံဘူး၊ မယုံဘူး၊ သည်မြင်ကွင်းများအားလုံးကို ကျွန်တော် မယုံနိုင်

တရားမဝင် စက်သုံးဆီများ၊ သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၅

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်တွင် ကျောက်ဆည်မြို့နယ် ရွှေသာလျောင်းတောင် ကြိုးပြင်ကာကွယ်တောအနီး၌ တရားမဝင် သစ်ခုတ်ရာတွင် အသုံးပြုသည့် Komatsu ဘက်ဟိုးယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမှမုံရွာသို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန် ပစ္စည်း ၁၅ မျိုး၊ စားသောက်ကုန် ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၀၈၁၄၁)၊ အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၀၀၀၀၀၀)နှင့် မန္တလေးမှ ရွှေဘိုသို့ သွားရောက်မည့် ယာဉ် တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၇၀(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၄၀၁၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Pick Up ယာဉ်



တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ ကျောက်ဆည်မြို့မြို့ရှောင်လမ်းအနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၄၂၉၆၆၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀)၊ ရန်ကုန်-မန္တလေး လမ်းဟောင်း ကျောက်ဆည် တက္ကသိုလ်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၅၃၃၀)နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Chin Dwin Star Light Truck နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၀၀၀၀၀၀)နှင့် မြစ်ငယ် Dry Port အနီး သော်တာဝင်း တိုးဂိတ်အကျော်၌ ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၈ မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၅၀၀၄၅၂၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၆၄၂၉၀၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနာမြို့ MFD အိမ်ရာဝင်း ကြယ်စင်(၄)လမ်းရှိ ဂိုဒေါင် တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၄၄၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၅၈၃၃၉၀၂)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

သာစည်နှင့် ရေမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၅

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက် ည ၇ နာရီ မိနစ် ၄၀ တွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် ဝင်းဇော်အောင်(ခ)နန္ဒ မောင်းနှင်ပြီး သက်နိုင်နှင့် မင်းမင်းအောင်တို့ လိုက်ပါလာသည့် DAIHATSU ATRAI ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀၀၊ ငွေကျပ် ၁၈ ဒသမ ၅ သိန်းကို လည်းကောင်း၊

ထို့ပြင် ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် ရေးမြို့နယ် အံဒင်ကျေးရွာအုပ်စု ရွာသစ်ဓမင်းဆိပ်ကျေးရွာရှိ စိုးမွန်(ခ)ပလိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ ငွေကျပ် ငါးသိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

ကျိုက်လတ်မြို့ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျိုက်လတ် ဒီဇင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့တွင် ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သည်။

ထိုသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသက်နိုင်ဝင်းနှင့် ဝန်ထမ်း များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့် ဝန်ထမ်းများက အရေးပေါ်မီးငြိမ်းသတ်နိုင်သည့် နည်းလမ်းများကို ရှင်းလင်းပြောကြား၍ မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မီးငြိမ်းသတ်မှုကို လက်တွေ့ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခဲ့ရာ ဈေးသူ ဈေးသား



များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၁၂-၂၀၂၄ တနင်္လာနေ

MRTV HD

00:00 အန္တရာယ်ကင်းပရိတ်တရားတော်(မေတ္တာသုတ်၊ရတနာသုတ်၊တောရွာဂံသုတ်)
00:30 နံနက်ခင်းသတင်း
00:50 အမျိုးသားအားကစားပွဲတော် (Highlights) (11)
02:30 ဂိုက္ဘာပြည်ပြီးဝင်ငွေတိုးတုလုံကြွယ်ဝသားငါးကဏ္ဍမှသည် 'ကဇာန်းဝေဖွေးမြူးရေးစုန့်ဆီ'
03:29 မဟာဆန်တဲ့ယဉ်ကျေးမှုအမွေ ကချင်ရိုးရာငွေပန်းထိမ်
03:59 ဘဝနှင့်အနုပညာ 'ဆွန့်ဖြန့်ဖာရဲ့ဖြစ်တည်ဟု' 'အဂယ်ဒမီဒါရိုက်တာဘွဲ့ရမြန်မာသီဆီအောင်' (အပိုင်း-၂)
04:29 MRTV National News
04:40 ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
04:50 မိုးလေဝသခြေခံ
04:59 ချစ်စရာအရွယ်ကစားကြမယ်
05:10 သတင်းသမားပြောတဲ့သတင်းစကား
05:29 This Week's Special Interest
06:29 ပြည်ချစ်သားမွန်တေးသစ်
06:59 အမျိုးသားအားကစားပွဲတော်ဝုက်ပြုတေး
07:29 နိုင်ငံခြားဓာတ်လမ်းတွဲ 'ဆုတောင်းပြည်ကြယ်တာရာစကာလာ' (အပိုင်း-၃၂)
08:00 ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
08:20 အမျိုးသားအားကစားပွဲတော် (Highlights) (12)
08:40 ပြည်ချစ်သားမွန်တေးသစ်
08:50 နိုင်ငံခြားဓာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၃၆)
09:19 ရုပ်မြင်သံကြားဓာတ်လမ်း

mtv

07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
07:08 A Visit to Yangon's Coastal Area
07:27 Innovative Handiworks Based On The Art Of Line Drawing
07:46 Fishery Products: Pickled Prawn Business
08:01 News
08:26 Asia Updates; Greening the Blue - Xisha Island
08:31 Mote Khwe Late from Intaing Village
08:40 Artist Life: Designer Nay Chi Win Lai Yee
09:01 Faith & Worship (Part-2)
09:25 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 3) 1970-1989
10:01 News
10:26 Topical Topics: Usefulness of Bamboo
10:36 Listening Pleasure, Instrumental Music (Banjo) Baranee

MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀) မိသားစုအလေ့အကျင့်များ
ကယား (၀၈:၀၀ မှ ၁၀:၀၀) ဌေတံခါးမြို့လေးဆီသို့ခရီးတစ်ခေါက်
ဝေကာကရင် (၁၀:၀၀ မှ ၁၁:၀၀) ဘရစ်မတ်တေးလက်ဆောင်
ဒုနေ့ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀) ဘဝကိုအကျိုးမပေးသူ(နန့်ခိုင်နင်းဝေ)
ဒုရေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀) ဘားအံမြို့နယ်မှသရီစဉ်အသစ် သဘာဝရေလိုက်ဂူတောင်
ချင်း (ရိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀) ချင်းရိုးရာဝေါင်းဆောင်းပြုလုပ်နည်း
ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀) ဆေးဖက်လည်းဝင်အရသာရှင်တဲ့ပီဂိုရီးခဲ့လက်ရာ
မွန် (၁၅:၀၀ မှ ၁၈:၀၀) အလှပြာဝေရာမညမြေ(ဒေသအလှ၊ ဝေလိုရိုးရာထုတ်ကုန်များ)
ရခိုင် (၁၈:၀၀ မှ ၁၉:၀၀) မိုးဝုက်တင့်စေယဉ်ကျေးမှုအမွေ(အပိုင်း-၁)
ရှမ်း (၁၉:၀၀ မှ ၂၁:၀၀) ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၃)
ဝ (၂၁:၀၀ မှ ၂၂:၀၀) ဝညီနောင်တို့ရဲ့သီးခြားကဖွဲ့လေးဆီသို့(အပိုင်း-၂)

MRTV NEWS

00:00 အဖွင့်၊ ဝေးသီချင်း
00:30 အားကစားသတင်း
00:50 နိုင်ငံတကာသတင်း(LIVE)
01:00 ပြည်တွင်းသတင်း(LIVE)
02:29 Sports Diary
02:30 နိုင်ငံတကာသတင်း(LIVE)
02:50 MRTV National News
03:00 သတင်းမုန်ကဏ္ဍ(LIVE)
04:00 ပြည်တွင်းသတင်း(LIVE)
04:29 Weekly Selected News
04:30 နိုင်ငံတကာသတင်း(LIVE)
04:59 သတင်းသမားပြောတဲ့သတင်းစကား

MRTV PARLIAMENT

01:00 အဖွင့်၊အလံ
01:29 ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဖွဲ့နွှဲနိုင်ငံ'
01:50 ဥပဒေရေးရာအပြောပြာဓာတ်လမ်းတို့ 'ဝင်ငွေဥပဒေ'
02:00 ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'စစ်မှုထမ်းဥပဒေပုဒ်မ၂၄ နိုင်ငံများအကြောင်း'
02:20 ဂျူသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၈)

MRTV FARMERS HD

00:00 အဖွင့်၊ နိုင်ငံတော်သီချင်း
00:29 တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့ တစ်နှစ်သုံးသီးစိုက်ကြစို့ (ပြုပြောင်းရေလျှောင်တမံဘက်စုံစီမံကိန်း)
01:00 တောင်သူလယ်သမားရေးရာသတင်း
01:30 Tip & Tricks
01:39 AGRICULTURE IN INDIA
02:29 International Music Hits
03:00 ပင်ကြွပါနဲ့ဆာကူရာ(ဓာတ်လမ်း)
03:29 Departures (နိုင်ငံခြားဓာတ်လမ်း)

MRTV SPORTS HD

00:00 အဖွင့်
00:30 လူငယ်တို့အတွက်လမ်းပြကြယ်
00:59 Sports Diary
01:00 အားကစားသတင်း
01:30 National Sports Highlights
02:00 ၂၀၂၄ခုနှစ်ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်ပြည်နယ်နှင့်တိုင်းဒေသကြီး U-21 အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း)

Scan Here
MRTV MRTV Radio MRTV Radio
Education Channel တို့ ထုနှင့် ပုံကြမ်း (၉၀၀)ကဒ်ဖြင့် တစ်ကြိမ်သွင်း (၅)ကဒ်ရှိ (၆)ကြိမ်မှန်း ထုတ်သွင်းပြီးသည့်အခါ ပါဝင်ဆုရရှိသူများ

ဒွေကြယ် - ရေသားသည်



တစ်ယောက်လျော့နဲ့ ကစားခဲ့ရတဲ့ လီဗာပူးအသင်း အိမ်ကွင်းအန်ဖီးလ်၌ သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရ

လီဗာပူးအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ ဒီဇင်ဘာ ၁၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ် ၁၅ မှာ လီဗာပူးအသင်းဟာ အိမ်ကွင်း အန်ဖီးလ်မှာ ယှဉ်ပြိုင်ကစားခဲ့ရပေမယ့် ကစားသမား တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာကြောင့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဖူလ်ဟမ်အသင်းက ပထမပိုင်းပွဲကစားချိန် ၁၁ မိနစ်မှာ ပါရဲရာရဲ့သွင်းဂိုးနဲ့ ဦးဆောင်နေစဉ် ချေပဂိုးပြန်လည်ရရှိရေးကြိုးစားရင်း ပွဲကစားချိန် ၁၇ မိနစ်မှာ လီဗာပူးအသင်းကစားသမား ရောဘတ်ဆန်တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဒုတိယပိုင်းပွဲကစားချိန် ၄၇ မိနစ်ရောက်မှသာ ဂတ်ပိုရဲ့သွင်းဂိုးနဲ့ ချေပဂိုး ပြန်လည်ရရှိခဲ့ပြီး ၇၆ မိနစ်မှာ ဖူလ်ဟမ်အသင်းကို ဦးဆောင်ဂိုးပြန်လည်ခွင့်ပြုပေးလိုက်ရကာ ၈၆ မိနစ်မှာ ဒါဝင်နူနက်ရဲ့သွင်းဂိုးနဲ့ ချေပဂိုးရရှိခဲ့လို့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အဲဒီပွဲစဉ်မှာ သရေတစ်မှတ်သာရရှိခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ် ကစားပြီးချိန်မှာ ရမှတ် ၃၆ မှတ်နဲ့ ချယ်လ်ဆီးအသင်းနဲ့ အာဆင်နယ်အသင်းတို့အထက် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။

ဘယ်လင်ဂမ် ခြောက်ပွဲဆက်ဂိုးသွင်းနိုင်ခဲ့သော်လည်း ဇယားထိပ်ဦးဆောင်ခွင့်နဲ့ ရီးယဲလ်မက်ဒရစ် လွဲခဲ့ရ

ဗယ်လက်ကာနိုအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ဒီဇင်ဘာ ၁၅ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဘယ်လင်ဂမ်ဟာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့တဲ့မှတ်တမ်းကောင်းတစ်ခု ပိုင်ဆိုင်ခဲ့ပါတယ်။

ဗယ်လက်ကာနိုအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်သုံးဂိုးစီ သရေရလဒ်သာထွက်ပေါ်ခဲ့တာဖြစ်ပြီး သရေတစ်မှတ်သာရရှိခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းကတော့ စပိန်လာလီဂါ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

ဒဏ်ရာရနေတဲ့ တိုက်စစ်မှူး အမ်ဘာတ်ပေမပါဝင်နိုင်ခဲ့တဲ့ နည်းပြအန်စလော့တီရဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ပထမပိုင်းပွဲကစားချိန် ၅ မိနစ်အတွင်းမှာပဲ အိမ်ရှင်အသင်းရဲ့ ဦးဆောင်ဂိုးကို ခွင့်ပြုပေးလိုက်ရတာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင် ဗယ်လက်ကာနိုအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် လေးမိနစ်မှာ အူနိုင်းလိုပက်ဇ်က တစ်ဂိုး၊ ၃၆ မိနစ်မှာ မူမင်က တစ်ဂိုး၊ ၆၄ မိနစ်မှာ ပလာဇနက်က တစ်ဂိုး သွင်းယူပေးခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ၃၉ မိနစ်မှာ ဗယ်ဗာဒီက တစ်ဂိုး၊ ၄၅ မိနစ်မှာ ဘယ်လင်ဂမ်က တစ်ဂိုး၊ ၅၆ မိနစ်မှာ ရိုဒရီဂိုက တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ပြိုင်ပွဲစုံ နောက်ဆုံးရှစ်ပွဲမှာ ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဘယ်လင်ဂမ်ဟာ ခြောက်ပွဲဆက် ဂိုးသွင်းနိုင်ခဲ့တဲ့ ပထမဆုံး ရီးယဲလ်မက်ဒရစ်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

လက်ရှိအချိန်မှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ လာလီဂါပွဲစဉ် ၁၇ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၃၇ မှတ် ရရှိထားတာကြောင့် အမှတ်ပေးဇယား ထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့ တစ်မှတ်ကွာ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေပြီး ဘာစီလိုနာအသင်းအနေနဲ့ ဒီဇင်ဘာ ၁၅ ရက်မှာ



အိမ်ကွင်းပွဲတွေမှာ ရှုံးကန်ရလေ့ရှိတဲ့ လီဂါနက်စ်အသင်းကို အနိုင်ရခဲ့မယ်ဆိုရင် ရီးယဲလ်မက်ဒရစ်အသင်းကို လေးမှတ်အထိ ဖြတ်ထားနိုင်တော့မှာ ဖြစ်ပါတယ်။

ဝက်စ်ဟမ်းတောင်ပံကစားသမား မိုဟာမက်ကူဒက်စ်ကို ခေါ်ယူရန် နယူးကာဆယ်အသင်းက အာဆင်နယ်၊ လီဗာပူးတို့နဲ့အပြိုင် ကြိုးပမ်းနေ



နယူးကာဆယ်အသင်းဟာ ဝက်စ်ဟမ်းအသင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၉၀ နဲ့ ရောင်းချမယ်လို့ ပြောကြားထားတဲ့ တောင်ပံကစားသမား မိုဟာမက်ကူဒက်စ်ကို ခေါ်ယူရေး အာဆင်နယ်အသင်း၊ လီဗာပူးအသင်းတို့နဲ့အပြိုင် ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။

နယူးကာဆယ်အသင်းဟာ မိုဟာမက်ကူဒက်စ်ကို ခေါ်ယူနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာဖြေရှင်းမှုအဖြစ် လွန်ခဲ့တဲ့နှစ်နှစ်က ရီးယဲလ်ဆိုစီဒက်အသင်းကနေ အသင်းရဲ့ စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူထားတဲ့ တိုက်စစ်မှူး အလက်ဇန္ဒားအီဆက်ကို ရောင်းချသွားဖို့လည်း စီစဉ်ထားတာ ဖြစ်ပါတယ်။

လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေအရ ဝက်စ်ဟမ်းအသင်းအနေနဲ့ ပြောင်းရွှေ့ကြေးပေါင်သန်း ၉၀ သတ်မှတ်ထားတဲ့ ကူဒက်စ်ကို ပေါင် ၈၅ သန်းနဲ့ ရောင်းချဖွယ်ရှိတယ်လို့လည်း သိရပါတယ်။ ဒါကြောင့် အာဆင်နယ်အသင်းနဲ့ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ လီဗာပူးအသင်းတို့က လာမယ့်ဇန်နဝါရီဈေးကွက်အတွင်းမှာ ဝက်စ်ဟမ်းအသင်းရဲ့ အဆုံးအဖြတ်ကို စောင့်ကြည့်သွားမယ်လို့လည်း သိရပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ လွန်ခဲ့တဲ့ ၁၆ လအကြာက မိုဟာမက်ကူဒက်စ်ကို အေဂျက်အသင်းကနေ ပြောင်းရွှေ့ကြေး ပေါင် ၃၈ သန်းနဲ့ ခေါ်ယူခဲ့တာလည်းဖြစ်ပါတယ်။

ဘောလုံးလောကသတင်းတိုများ

- လီဗာပူးအသင်းမှ အင်္ဂလန်နောက်တန်းကစားသမား အလက်ဇန္ဒားအာနိုးဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်း စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပေမယ့် စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးမှုတွေ ပြုလုပ်မှာမဟုတ်ဘူးလို့ သိရပါတယ်။
- မန်ယူအသင်းနည်းပြ ရူဘင်အမော်ရင်ဟာ ဇန်နဝါရီဈေးကွက်အတွင်း ကစားသမားဖြည့်တင်းမှုအဖြစ် ဘယ်နောက်ခံကစားသမား တစ်ဦး၊ တိုက်စစ်မှူး တစ်ဦးနဲ့ ကွင်းလယ်ကစားသမား တစ်ဦးတို့ကို ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။
- အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းဟာ အသက် ၂၇ နှစ်အရွယ်ရှိပြင်သစ်ဘယ်နောက်ခံကစားသမား သီယိုဟာနန်ဒက်ဇ်ကို ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်အတွင်း ရောင်းချသွားမယ်လို့ သိရပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းနည်းပြ အိုနေးလ်ကို အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်

ဝုလ်ဗာဟမ်တန်အသင်းဟာ ဒီဇင်ဘာ ၁၄ ရက်ညပိုင်းက အစ်ဆွစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အစ်ဆွစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် နည်းပြ အိုနေးလ်ကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။

နည်းပြအိုနေးလ်ဟာ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမစတင်မီ လေးရက်အလိုမှာ နည်းပြလိုပက်တီဂေးနေရာမှာ ဝုလ်ဗာဟမ်တန်အသင်းရဲ့ နည်းပြသစ်အဖြစ် တာဝန်ယူခဲ့တာဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းဟာ အစ်ဆွစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး ဝုလ်ဗာဟမ်တန်အသင်းအနေနဲ့ အစ်ဆွစ်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ ယခု ဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ၁၁ ပွဲမြောက် ရှုံးနိမ့်ခဲ့ခြင်းလည်းဖြစ်ပါတယ်။



ယခုဘောလုံးရာသီဟာ ဝုလ်ဗာဟမ်တန်အသင်းအတွက် အဆိုးရွားဆုံး ဘောလုံးရာသီဖြစ်ခဲ့ပြီး ဝုလ်ဗာဟမ်တန်အသင်းအနေနဲ့ ပထမဆုံး ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ရှစ်ပွဲမှာ ခုနစ်ပွဲရှုံး၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ဝုလ်ဗာဟမ်တန်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၆)ယှဉ်ပြိုင်ကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ၁၁ ပွဲရှုံး ရမှတ်ကိုးမှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၉ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို (၁၆-၁၂-၂၀၂၄ မှ ၂၃-၁၂-၂၀၂၄ ထိ) နေ့စဉ် နံနက် (၉:၃၀) နာရီမှ ညနေ (၄:၀၀)နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ (၂၃-၁၂-၂၀၂၄)ရက် ညနေ (၄:၀၀)နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၂၉၄၃၇၇၊ ၀၁-၈၂၅၁၉၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့.
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ရန်ကုန်မြို့။

ဒွေစုသစ်ကုမ္ပဏီလီမိတက်မှ
BOD နှင့် အစုရှယ်ယာပြောင်းလဲခြင်းအား
အများသိစေရန်ကြေညာခြင်း

ဒွေစုသစ်ကုမ္ပဏီလီမိတက်သည် အသေးစားဒွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ (၈-၈-၂၀၁၂) ရက်စွဲပါ လိုင်စင်အမှတ်-၀၀၇၂/၂၀၁၂ ဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းဖြစ်ပါသည်။ ယခင် BOD နှင့် ရှယ်ယာရှင်(၄)ဦးအနက် (၃)ဦးမှ နုတ်ထွက်ပြီး အသစ်(၂)ဦး၀င်ရောက်၍ BOD နှင့် ရှယ်ယာရှင် (၃)ဦးဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းမည်ဖြစ်ပါသည်-

ယခင် BOD နှင့် ရှယ်ယာရှင်	ယခု BOD နှင့် ရှယ်ယာရှင်
၁။ ဦးနေမျိုးအောင်	၁။ ဦးမျိုးသန့် [၉/ညဥန(နိုင်)၁၄၂၅၅]
၂။ ဒေါ်မိုးဆမ်းသက်	
၃။ ဦးထက်မြတ်ဦး	၂။ ဦးထက်မြတ်ဦး [၁၂/ဥကမ(နိုင်)၀၈၅၄၃၃]
၄။ ဦးခင်စိုး	၃။ ဒေါ်မာလာဦး [၈/နမန(နိုင်)၁၂၉၂၂၂]

ဒွေစုသစ်ကုမ္ပဏီလီမိတက်

"K & A BUSINESS SOLUTIONS COMPANY LIMITETD"
အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

"K & A BUSINESS SOLUTIONS COMPANY LIMITED" ၏ စာရင်းများကို ရှင်းလင်းပြုစု ဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

အစည်းအဝေးကျင်းပမည့်ရက် - ၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ (၁၆) ရက်
အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၁၀:၀၀) နာရီ
အစည်းအဝေးကျင်းပမည့်နေရာ - ကုမ္ပဏီရုံးခန်း

ဒေါ်ခင်ဦးဟန်
B. Act, CPA
MAIP-00134
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁)လမ်း၊ (၁၄/၁) ရပ်ကွက်၊ တိုက်အမှတ်(၁/၁)၊ ဧရိယာ(၃၀၀၀၊၆၀၀၀)ရှိ နှစ်(၆၀)ဂရန်ခဲမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းရင်းကွဲ (၆)ထပ်တိုက်၏ ဒုတိယထပ် [မြေညီအပါ (၃)လွှာ B တိုက်ခန်း၊ တိုက်ရှေ့ဘက်မှ မျက်နှာမူလျှင် ညာဘက်-ခေါင်းရင်းခြမ်း] တိုက်ခန်းဧရိယာ (၁၄၀၀x၅၁၀၀)အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်မီတာ၊ ရေမော်တာ အပါအဝင် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ရိုရိုပြိုး [၁၂/မဂဒ(နိုင်)၁၃၃၇၂၆]မှ လက်ရောက်နေထိုင်ပိုင်ဆိုင်ထားပြီး အရှည်အရင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဆန်းလင်း[၁၂/လကန(နိုင်)၁၉၃၂၁၇]မှ ရောင်းဝိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်အဖြစ် ပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လွှတ်ပိုင်လာရာက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ဆန်းလင်း [၁၂/လကန(နိုင်)၁၉၃၂၁၇]၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထူးသဒ္ဓာဦး (LL.B, CBL.DBL) (DL. 101 WIPO Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၈၃)
အမှတ်(၃၂၀)၊ ၃-လွှာ၊ ဘုရင့်နောင်လမ်း၊ ဆရာစံလမ်းနှင့် ပင်လုံလမ်းကြား၊
၃၁-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၈၀၃၃၇

နှစ်(၅၀) ပြည့် "ဧရာဝတီမင်္ဂလာ" ဆုတောင်းလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မော့ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာ၊ အမှတ် (၃၀၈) နေ ဦးမောင်မောင်အုန်း (B.A (Law), LL.B) နှင့် ဒေါ်ခင်အေး (ကျောင်းဆရာမ-ငြိမ်း) တို့၏ (၁၂-၁၂-၂၀၂၄) ရက်နေ့တွင် ကျရောက်သော နှစ်(၅၀) ပြည့် မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ/ကိုယ်ကျန်းမာစွာဖြင့် ချစ်သောမိသားစု နှင့်အတူ အေးချမ်းပျော်ရွှင်သော ဘဝကို လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီး- စန်းစန်းဝင်း (သင့်မြတ်ကြက်စာဆိုင်)၊ ဆပ်သွားတောရွာ၊
မြေး - မအေးငြိမ်းချမ်းမွန် (ခ) တုန်တုန် (ကော်စတာရီကားပညာသင်ဆုရ) ၊
ဟိန်းထိုက်ဇော် ၊ ခန့်ဇော်ဟိန်း (ခ) ပြည့်စုံ (International School)

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စန်းစန်းဝင်း [၁၂/မရက(နိုင်)၀၀၁၄၀၁] ၏ အရေးကြီး စာရွက်စာတမ်းများ ထည့်ထားသော ပလတ်စတစ်ဖိုင်မှာ ၁၃-၁၂-၂၀၂၄ ရက်နေ့တွင် အင်္ဂပယ်ဂျည် (နံပါတ်မမှတ်မိ) ပေါ်တွင် မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၉၁၉၃၂၆၅

အမည်(၂)မျိုးနှင့် လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော် မောင်ပြည့်ဖြိုး၏ ဖခင်ဦးကျော်ကျော်နှင့်ဦးကျော်ဟိန်း [၁၂/ခရန(နိုင်)၀၄၅၇၉၀] သည် အမည်(၂)မျိုးဖြစ်နေသော်လည်း ကျွန်တော်၏ ဖခင်မှာ လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မောင်ပြည့်ဖြိုး
[၁၂/ခရန(နိုင်)၁၄၇၉၅၆]

ပျောက်ဆုံးကြောင်း

